# အချစ်ရိုင်းရဲ့ အရိုင်းချစ်


mgyoe.com
SAMPLE BOOK

တင်မောင်မြင့်
(မြန်မာပြန်)

## LEOPARD IN THE SNOW


ANNE MARTHERS

၁၉၈၂ ခုနှစ် ဟင်္သာတစာပေမှ
'မိမိမင်း' အမည်ဖြင့် ထုတ်ဝေခဲ့သော
ဆရာ တင်မောင်မြင့်၏ ပထမဆုံး ဘာသာပြန်ဝတ္ထု



mgyoe.com

mgyoe.com SAMPLE BOOK



# အချစ်ရိုင်းရဲ့ အရိုင်းချစ်

တင်မောင်မြင့်
(မြန်မာပြန်)

**LEOPARD IN THE SNOW**
**ANNE MARTHERS**

၁၉၈၂ ခုနှစ်ဟံသာတစာပေမှ
‘မိမိမင်း’ အမည်ဖြင့် ထုတ်ဝေခဲ့သော
ဆရာ တင်မောင်မြင့်၏ ပထမဆုံး ဘာသာပြန်ဝတ္ထု

9 782022 000053

ILLUSTRATED BY: NUTT YEE (GRACE ART)©2022
Cover Design: Paing Naing Aung ©2022

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅)

## ပုံနှိပ်မှတ်တမ်း



## အချစ်ရိုင်းရဲ့ အရိုင်းချစ်

## တင်မောင်မြင့်၊မြန်မာပြန်၊

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၁၉၈၂ ခုနှစ်တွင် ဟင်္သာတစာပေမှ
ဗိဗိမင်း ကလောင်အမည်ဖြင့် ထုတ်ဝေခဲ့သည်။
ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ
မျက်နှာဖုံးပန်းချီ - ဝတ်ရည်
မျက်နှာဖုံးဒီဇိုင်း - ပိုင်နိုင်အောင်
အတွင်းဒီဇိုင်း - ပုံရိပ်ရှင်၊ ခိုင်ဇင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ - ၇၀၀
စာအုပ်တန်ဖိုး - ၆၀၀၀ ကျပ်
ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

တင်မောင်မြင့်
အချစ်ရိုင်းရဲ့ အရိုင်းချစ် / တင်မောင်မြင့်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၂၀၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅) အချစ်ရိုင်းရဲ့ အရိုင်းချစ်

mgyoe.com

mgyoe.com SAMPLE BOOK

# အမှတ်တရစကား

ဒီစာအုပ်လေးဟာ ၂၀၁၉ ခုနှစ်က အမျိုးသားစာပေဆု(တစ်သက်တာ) ရရှိခဲ့တဲ့ ဆရာကြီး (ဦး)တင်မောင်မြင့်ရဲ့ ပထမဦးဆုံး မြန်မာဘာသာပြန် လက်ရာလေးဖြစ်ပါတယ်။ ဆရာကြီးက မဒမ်ကျူရီ (၂၀၀၁)၊ တောင်ပံမဲ့ သင်းကွဲတေးဆိုငှက် (၂၀၀၄)၊ အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ (၂၀၀၇)၊ မျှော် (၂၀၁၁)၊ ပြစ်မှုနှင့်ပြစ်ဒဏ် (၂၀၁၂) တို့ဖြင့်လည်း အမျိုးသားစာပေဆု(ဘာသာပြန်ဆု)ကိုလည်း ၅ ကြိမ်တိုင်တိုင် ရရှိခဲ့ဖူးပါတယ်။ ဒီစာအုပ်ကို "မီမီမင်း"ဆိုတဲ့ ကလောင်အမည်နဲ့ မြန်မာပြန်ဆိုထားတာဖြစ်ပြီး ၁၉၈၂ ခုနှစ်က ထွက်ရှိခဲ့တာဖြစ်လို့ အခုဆိုရင် နှစ်ပေါင်းလေးဆယ်ပင် ပြည့်ခဲ့ပါပြီ။ ဒီစာအုပ်လေးကို ဆရာကြီးရဲ့ ၈၆ နှစ်ပြည့် မွေးနေ့မှာ အထိမ်းအမှတ်တစ်ခုအနေနဲ့ ပြန်လည်ထွက်ဝေနိုင်ခဲ့တာကို ဝမ်းမြောက် ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ ထုတ်ဝေခွင့်ရအောင် ကူညီပေးပါသော လင်းလွန်းခင်ရဲ့ ပဲ့ကိုင်ရှင် ဆရာဦးသိန်းလွင်၊ အစစအရာရာ ကူညီပေးပါသော ဆရာဖူးကျော်တို့ကို အထူးကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် စာရိပ်မြိုင်ကို ယုံယုံကြည်ကြည်နဲ့ ထုတ်ဝေခွင့်ပြုခဲ့ပါသော ဆရာကြီး (ဦး)တင်မောင်မြင့်ကို အတိုင်းမသိ ကျေးဇူးတင် ရှိအပ်ပါတယ်ဆိုတဲ့အကြောင်းလေး ပြောပါရစေ။

ပြည့်အာကာ
စာရိပ်မြိုင် စာပေ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

နွေရာသီရောက်ပြီဆိုသည်နှင့် မြို့ပြ၏ အနိဋ္ဌာရုံများမှ တဒင်္ဂထွက်ပြေးပုန်းရှောင်၍ အေးရိပ်ကို ခိုနားလာကြသည့် ဧည့်သည်များသည် မြကန်သာဒေသတဝိုက်တွင် ပျားပန်းခပ်မျှ လှုပ်ရှား စည်ကားလာတတ်သည်။

မြင့်မား မတ်စောက်လှသည့် ဧရာမ တောင်တန်းကြီးများ၏ အရိပ်တို့သည် ပြာလဲ့လဲ့ ကန်ရေပြင်တွင် ပီပြင်သည်ထက် ပီပြင်စ ပြုလာသည်။ မြကန်သာသို့ အတက် လမ်းတလျှောက်တွင် ထောင်နှင့်ချီ၍ လာနေကြသော ကားကြီး၊ ကားငယ်တို့မှာ ယာဉ်ပိတ်ဆို့မှုနှင့် ကြုံရသည်ချည်းသာ။

တချို့က မြကန်သာကို အနားယူဖို့သက်သက် လာကြခြင်း ဖြစ်၏။ အချို့ကလည်း ပျော်ပွဲစားဖို့၊ စခန်းချဖို့။ တောင်တက် အဖွဲ့များထဲတွင် ယခုမှ တောင်တက်ဖိနပ် ဝယ်စီးပြီး ရောယောင်လိုက်ပါ လာသူတွေလည်း ရှိ၏။

အလှအပလက်ဆောင် ကတ်ပြားရောင်းသည့် ဆိုင်ကလေးတွေ၊ ဒေသထွက် ကုန်ပစ္စည်း အရောင်းဆိုင်တွေလည်း ပေါလှသည်။ ကန်ရေပြင်သည် ငြိမ့်ငြိမ့်ကလေး လွင့်မျောနေသည့် ရောင်စုံရွက်လှေများဖြင့် ပန်းရလှသည်။ စက်တပ် ရေယာဉ်များကမူ အော်ဟစ်ဆူညံ၍ ရေပြင်မှ ဝေဟင်သို့ ပျံတက်ကြတော့မည့်နှယ်။ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက် ရွက်လှေသမားဂိုက်၊ ပြိုင်ရေယာဉ်သမားဂိုက် ဖမ်းနေကြသည်။ ဟိုဘက်တွေမှာ အခန်းလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

မကျန်တော့။ အဖျော်ယမကာခန်းများတွင် ကျွက်ကျွက်ညံနေတော့သည်။ ကြာတော့ သည်ရာသီကို တနှစ်လုံး မျှော်ကိုးစောင့်စားခဲ့ကြသည့် မြို့ခံလူတွေ ပင်လျှင် ဧည့်ရှင်းချိန်ကို တမ်းတမ်းတတ ဖြစ်ကြရတော့သည်။ ဤသည်မှာ ဟယ်လင် ရေးရေးမျှသာ မှတ်မိသော မြကန်သာ ဖြစ်ပါသည်။

နွေရာသီ ကျောင်းပိတ်ရက်များတွင် မြကန်သာသို့ ဖေဖေနှင့်အတူ သွားခဲ့ရသည့် အချိန်ပိုင်းများသည် ဟယ်လင့်ဘဝတွင် အပျော်ဆုံးကာလများ ပေ့ါ။ အဲ့သည်တုန်းက ဖေဖေကိုယ်တိုင် ရွက်လွှင့်နည်းကို သင်ပေးခဲ့တယ်လေ။ ဟယ်လင်တို့ ဖေဖေ ခုလောက် ကြီးမားသည့် စက်ရုံပိုင်ရှင်ကြီး မဖြစ်သေးခင်ပေ့ါ။ စက်ရုံပိုင်ရှင်ကြီး၏ သမီး အစ်ဇဘယ်လာနှင့်လည်း လက်မထပ်ရသေးခင်ပေ့ါ။

ခုတော့ ဖေဖေ့မှာ မြကန်သာတွင် အနားယူနိုင်ဖို့ အချိန်မရတော့ပါ ပြီ။ အလွန်ချမ်းသာပြီး အင်္ဂလန် စီးပွားရေး လောကတွင် အလွန် ဩဇာတိက္ကမ ရှိသည့် ပုဂ္ဂိုလ်ကြီးဆိုတော့ ရွက်လှေစီးဖို့ထက် အရေးကြီးသည့် အလုပ်တွေ ထဲမှာချည်း နစ်မြုပ်နေပြီလေ။

ခုတော့ လှေလှော် ရွက်လွှင့်ရာသီ မဟုတ်ပါ။ ကန်ရေမျက်နှာပြင်တို့ နှင်းလွှာရုံ ပါးပါးကလေးကို ဆင်မြန်းထားချိန် ဖြစ်ပါသည်။ နှင်းတွေ ရက်ဆက် ကျနေသလား မသိ၊ တောင်တန်းတခုလုံးသည် ပကတိ အဖြူရောင်။ မြကန်သာနှင့် နီးလာလေလေ ဆီးနှင်းက ထူထပ်လေလေ။ လမ်းဘေး အညွှန်းဆိုင်းဘုတ် အားလုံး နှင်းတွေ ဖုံးနေသဖြင့် ဟယ်လင်သည် အသွယ်သွယ်သော လမ်းဆုံများ တွင် လမ်းမှားမလိုက်မိအောင် ကားကို ဂရုပြု မောင်းနှင်ခဲ့သည်။

အပြင်ဘက်တွင် အရိုးခိုက်အောင် ချမ်းလှ၍ လမ်းဆုံလမ်းညွှန်ဆိုင်း ဘုတ်တိုင်းမှ နှင်းများကို တခုချင်း ဆင်းပြီး ခွာကြည့်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ မှတ်မိသမျှ လမ်းများအတိုင်း မှန်းဆမောင်းနှင်ခဲ့သည်မို့ အချိုးတွေ၊ အကွေ့တွေ အကြိမ်ကြိမ် မှားခဲ့တော့သည်။ ဘယ်လိုမှ မမှတ်မိနိုင်တော့။ နှင်းဖုံးနေသည့် လမ်းများမှာ အားလုံး တပုံစံတည်း ဖြစ်နေပြီ မဟုတ်လား။ လက်မှ နာရီကို ကြည့်လိုက်တော့ ၂ နာရီသာ ရှိသေးသည်။ တော်ပါသေး၏။ ညမမှောင်ခင် ဟိုတယ်ရှိသည့်တနေရာရာတော့ ရောက်မှာပါ။ အချိန်တွေ အများကြီး ကျန်သေးတာပဲ။ တည နားပြီး မနက်ဖြန်မှ ဆက်မောင်းမည်။

မနက်ဖြန်. . . မနက်ဖြန်. . . ။

မနက်ဖြန် ဆိုမှ ဖေဖေ့ကို သွားသတိရသည်။ မနက်ဖြန်ဆိုရင် သူ

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်မှ ထွက်လာခဲ့ကြောင်း ဖေဖေ သိပြီပေါ့။ ရေးခဲ့တဲ့ စာတိုကလေးကို တွေ့ရလျှင် စိတ်တော့ ပူမယ် မထင်ပါဘူးလေ။ ဒါမှမဟုတ် ဒေါသူပုန်ထပြီး မြေလှန်များရှာနေလေမလားပဲ။ ဖေဖေ့ကို ဖော့တွက်၍တော့ မရ။ တဦးတည်းသော သမီးဖြစ်သူက ပုန်ကန်ပြီး ထွက်လာခဲ့သည် ဆိုတော့ ဒေါသူပုန် ထဖို့က ပိုများမှာပါ။

ဘာပဲဖြစ်ဖြစ်ပါ၊ ဟယ်လင့်ကို ရှာတွေ့ဖို့ကတော့ မလွယ်ရေးချ မလွယ်ပါ။ အင်္ဂလန် မြောက်ပိုင်းဒေသ ဖြစ်သည့် မြကန်သာကို ပြေးဖို့ ဆုံးဖြတ်လိုက်သည့် စိတ်ကူးကို ဟယ်လင်က သူ့ဘာသာသူ သိပ်သဘောကျနေမိသည်။

ပထမပိုင်းကတော့ ပြင်သစ်ပြည် တောင်ပိုင်း၊ ဒါမှမဟုတ် အနောက်အိန္ဒိယ ကျွန်းစုတခုခုကို စိတ်ကူးကြည့်သေး၏။ နေပူဆာ လှုံတာတို့၊ ရွက်တိုက်တာတို့၊ ရေကူးတာတို့ကို ဝါသနာပါတာ မဟုတ်လား။ ဘယ်ရမလဲ။ သမီးအကြောင်း နှောကျေနေအောင် သိတဲ့ ဖေဖေပဲ။ ချက်ချင်း ရှာတွေ့သွားမှာပေါ့။

ဒါလောက် နှင်းမုန်တိုင်းတွေ ကျနေတဲ့ ရာသီမှာ မြကန်သာဘက်ကို သွားမယ်လို့ ဖေဖေ ဘယ်တော့မှ တွက်မှာ မဟုတ်ဘူးလေ။ ပြီး မေမေဆုံးပြီးစနှစ် ကျောင်းပိတ်ရက်တွေမှာ သားအဖနှစ်ယောက် တည်းခဲ့ကြတဲ့ မြကန်သာက ဟိုတယ်ကလေးကို ဖေဖေ မှတ်မှ မှတ်မိနိုင်ပါဦးမလား။

ဆီးနှင်းပေါက်တွေ မိုးလောက် ပြင်းထန်လာပါပြီကော။ ရှေ့မှန်မှ ရေသုတ်တံသည် တဖြည်းဖြည်း ဝန်နှင့်အား မမျှတော့ဘဲ တွန်းအား၊ ဖယ်အား မရှိတော့။ ခုမှ သတိထားလိုက်မိသည်။ ဖြတ်သွား ဖြတ်လာ ကားလည်း တစီးမှ မတွေ့တာ တော်တော်ကြာနေပြီပဲ။ ဟုတ်မှ ဟုတ်ရဲ့လား။ ကိုယ်ပိုင်ခြံမြေ တခုခု၊ အိပ်ရာတခုခုကို သွားတဲ့လမ်းများ ဖြစ်နေမလား။ လမ်းကလေးက ကျဉ်းလွန်းလှ၍ ပြန်လှည့်ဖို့လည်း မဖြစ်နိုင်။

မျက်မှောင်တချက် တွန့်လိုက်သည်။ မြကန်သာကို သည်ည အရောက်မမောင်းတော့ဘူးလို့ ဆုံးဖြတ်ထားမှတော့ ဘာထူးသေးလဲ။ ဒီလမ်းအတိုင်းဆက်လိုက်သွား၊ တွေ့တဲ့အိမ်ကို တံခါးခေါက်ပြီး လမ်းမှန်ကို မေး။ ဒါပဲ ရှိတော့တာပေါ့။

ရေသုတ်မောင်းတံက ရပ်သွားပြန်သည်။ ညည်းညည်းညူညူဖြင့် ကားပြင်သို့ ထွက်လိုက်သည်။ ထုတက်နေသော နှင်းတွေကို ခွာချသည်။ မေးခိုက်ခိုက်တုန်ပြီး ကားထဲသို့ အပြေးအလွှား ပြန်ဝင်ရသည်။ ကားယူလာမိတာ မှားများ မှားပြီလား။ ရထားနှင့် လစ်ဖို့ စိတ်ကူးကြည့်သေးသား။ ခြေရာကောက်ရတာ

mgyoe.com

mgyoe.com SAMPLE BOOK

လွယ်မလား ဆိုပြီး စိတ်လျှော့လိုက်တာ။

စိတ်ညစ်လိုက်တာ။ ရေသုတ်မောင်းတံက လုံးဝ အလုပ်မလုပ်တော့။ ဆင်းဆင်းပြီး လုပ်ရတာ လွယ်တာမဟုတ်။ အပြင်ထွက်တိုင်း လည်ရှည်ဖိနပ် စီးပြီး ဆင်းရတာ။ ကားပေါ် ပြန်တက်ပြီး သည်ဖိနပ်ခုံထူကြီးနဲ့က မောင်းလို့ ရတာ မဟုတ်။ ချွတ်လိုက်၊ စွပ်လိုက်မို့ စိတ်ရှုပ်ရှုပ်နှင့် သည်တခါတော့ ဖိနပ်စီး မနေတော့ဘဲ ကားတံခါးကိုခိုပြီး နှင်းတွေကို မီသလောက် လှမ်းခွာချတာပေါ့။ ဟင်. . . စက်သေသွားပြီ။ မထူးဘူးဆိုပြီး ဖိနပ်ပါးကလေးနှင့်ပဲ အောက်ကို ဆင်းချလိုက်သည်။ လမ်းပေါ်မှာပင် နှင်းထုက ခြေချင်းဝတ် မြုပ်နေပြီ။ ကားမှန် ပေါ်မှ နှင်းတွေကို ပယ်ပယ်နယ်နယ် ခွာချပစ်လိုက်သည်။ တော်ပါသေးရဲ့။ ရေသုတ် မောင်းတံကလေးတွေ ပြန်လည်လှုပ်ရှားလာပြီ။

ခေါင်းလောင်းဘောင်းဘီ နီရဲရဲပေါ်တွင် ဖွေးဖွေးလှုပ်နေသော နှင်းဖတ် တွေကို လက်နှင့် ပုတ်ချလိုက်သည်။ ကိုယ်ပေါ်တွင်တော့ ရွှဲရွှဲ စိုသွားပြီ။ ကားပေါ် ပြန်တက်သည်။ စက်နှိုးသည်။ မရ။ သော့ကို နာနာလှည့်၊ လီဗာကို ခပ်ဆတ်ဆတ် ပုတ်ကြည့်ပြန်သည်။ အကြောင်းမထူး။

ကျောထဲ စိမ့်သွားသည်။ ဒုက္ခပါပဲ။ ဘယ်တုန်းကမှ ဒုက္ခပေးဖူးသည့် ကား မဟုတ်။ တခုတော့ ရှိသည်။ ဘယ်တုန်းကမှလည်း သည်လို အခြေအနေ မျိုးထဲကို သွားဖူးသည်တော့ မဟုတ်။

ခဏစောင့်ပြီး ထပ်နှိုးကြည့်ပြန်သည်။ မနိုး။ လက်လျှော့လိုက်ရပြီ။ မှောင်စပြုပြီဖြစ်၍ သည်နေရာတွင် ကြာကြာဆက် မနေရဲတော့။ ကားထဲ ထိုင်ပြီး ကယ်မည့်သူကို စောင့်မနေရဲတော့။ ဘယ်လိုကြည့်ကြည့် ဆုံးစ မထင် သည့် ဆီးနှင်းလွင်ပြင်။ လူသူအရိပ်အယောင်လည်း မတွေ့ရပါလား။ နှင်းမှုန် ထဲတွင် ကားရော၊ လူရော နစ်ပြီး သေတတ်တယ်တဲ့။ သည်တော့ အပြင်ထွက် ပြီး ခိုကိုးရာရှာဖို့ ဆုံးဖြတ်လိုက်သည်။

ဖိနပ်ရှည်ကို သေသေချာချာစီးပြီး အပြင်ထွက်လိုက်သည်။ စွန့်စားခန်း တခု ဖွင့်ရတော့မှာမို့ စိတ်ကို ဇွတ်တင်းထားလိုက်သည်။ စွန့်စားခန်းဆိုတော့ ဘာမှ များများစားစား ယူစရာ မလိုဘူးပေါ့။ လက်ပွေ့အိတ်တလုံးပဲ လွယ်ခဲ့ သည်။ မနက်ကမှ လန်ဒန်က ထွက်လာပြီး ညနေပိုင်းမှာ နှင်းမုန်တိုင်း၏ သံ့ပန်း ဖြစ်နေရသည့် ဘဝကို ဘယ်သူ ယုံပါ့မလဲ။ လေထဲတွင် တလွင့်လွင့် ဝဲနေသည့် ဆံပင်တွေကို စုသိမ်းပြီး ခေါင်းစွပ်အောက်သို့ ဖိသွင်းလိုက်သည်။ နှင်းကာ

mgyoe.com

mgyoe.com SAMPLE BOOK

သားရေဂျာကင်က အနီစင်း။ ဘောင်းဘီကလည်း အနီရောင်ဆိုတော့ ကိုယ်က မမြင်တောင် ကိုယ့်ကိုတော့ လှမ်းမြင်ကြကောင်းပါရဲ့။ ဘောင်းဘီကို ဒူးဆစ်နီးပါးအထိ လိပ်တင်လိုက်သည်။

အရိုးပြိုင်းပြိုင်း ကျနေသော သစ်ပင်တွေ၊ ချုံနွယ်တွေကို လေတိုးသံမှအပ ဘာမျှ မကြားရ။ နှစ်ပေခန့် နက်သည့် နှင်းဗွက်ထဲတွင် တစွတ်စွတ် လျှောက်ရင်း လျှောပြေပြေ လွင်တီးခေါင်ကို ဖြတ်သန်းနေသည်။ လူနေအိမ်ခြေရှိမှန်း၊ မရှိမှန်း မသိဘဲ စွတ်သွားနေလို့ ဖြစ်ပါ့မလား။ လျှောက်သောလမ်းမှာ စမ်းတဝါး ဘဝမျိုး။ ဒါဖြင့် ဘာလုပ်မလဲ။ ဘာမှ မလုပ်တတ်တော့။ ဆက်လျှောက်ရုံပဲပေါ့။ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ ကားလေးကို လှမ်းမမြင်ရတော့။ ကိုက် ၁၀၀ ပတ်ဝန်းကျင်လောက်ကိုသာ ကွဲကွဲပြားပြား မြင်နိုင်တော့သည်။

တနာရီလောက် ကြာသွားပြီ။ လူသူ အိမ်ခြေ အသာထား၊ ခွေးတကောင်၊ ကြောင်တမြီးမျှပင် မတွေ့ရသေး။ ခြေထောက်တွေက ကိုက်ခဲစပြုလာပြီ။ မှိုင်းညို့ညို့ မိုးကုပ်စက်ဝိုင်းအောက်မှ နှင်းပင်လယ်ပြင်ဝယ် ဟယ်လင်တယောက်တည်း။ ကြောက်ရွံ့ အားငယ်လာသည်။ အဖေက လင်ပေးစားမည်ဆိုသည်နှင့် ထွက်ပြေးလာခဲ့သည်။ သည့်အတွက် ကြမ္မာဗြိုဟ်ဆိုးနဲ့များ ရင်ဆိုင်တိုးလေပြီလား။

ဟော။ မြင်ကွင်းတနေရာမှ တခုခုကို လှမ်းမြင်လိုက်သလိုလို။

လှုပ်ရှားမှု တခုလိုလို၊ အရောင် တခုလိုလို။ မျက်စိလည်နေတဲ့ တိရစ္ဆာန် တကောင်များလား။ သနားစရာ။ သည်နှင်းတောထဲမှာ ဘာစားစရာ ရှိမှာလဲ။

သေသေချာချာ ကြည့်ဖို့ မျက်တောင်ကို ခတ်လိုက်သည်။ မျက်တောင်ကော့ကော့ရှန်းပေါ်မှာ ဟီးလေးခိုနေတဲ့ နှင်းမှုန်တွေ အရည်ပျော် ဆင်းသွားတော့ မြင်ကွင်းက ပိုပြီး ဝိုးဝါးသွားပြန်သည်။ ခဏလေး နေမှ ခပ်ရေးရေး လှမ်းတွေ့ရသည်။ ခွေး ထင်ပါရဲ့။ အားတက်သွားသည်။ ခွေး ရှိလျှင် ခွေးရှင် ရှိရမှာပေါ့။ ခွေးပဲ ဖြစ်ပါစေလို့ ကျိတ်ဆုတောင်းလိုက်မိသည်။

ဟော. . . လာနေပြီ။ ခွေးမှ ခွေးအစစ်။ တဖြည်းဖြည်း နီးလာပြီ။ ဟော အဝါနဲ့ အနက်နဲ့ အကျား။

ဟင်. . . အမယ်လေး၊ ဒူးခွေကျမသွားအောင် မနည်းထိန်းလိုက်ရသည်။ ကျားသစ်ကြီးပါလား။ ခဏ ကြက်သေ သေနေမိသည်။ အထိတ်တလန့်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြင့် ခေါင်းယမ်းလိုက်သည်။ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ဒီဘက်ပိုင်းမှာ ကျားသစ်ရှိတယ်လို့ တခါမှ မကြားဖူးဘူး။ စိတ်ချောက်ချားတာပဲ ထင်ပါရဲ့။

သို့သော်က သဏ္ဌာန်က နီးသည်ထက်နီးလာပြီ၊ ပြက်ပြက်ထင်ထင်မြင်ရပြီ။ ကျားသစ်. . . ကျားသစ်။ ကျားသစ်မှ ကျားသစ်အစစ်၊ ခြေလှမ်းတိုင်း ဇရာမ ပခုံးကြွက်သားများ လှုပ်ရှားနေပုံကိုတောင် မြင်နေရပြီ။ နားရွက်ချွန်ချွန်၊ သွားအဖြူသားနှင့်။ တောကောင်နှင့် ရင်ဆိုင်တွေ့လျှင် မပြေးရဘူးဆိုတာတော့ ကြားဖူးသား။ လက်တွေ့ကျမှ ဘယ်လိုမှမဖြစ်နိုင်မှန်း သိတော့တယ်လေ။ ဘယ်နေရဲပါ့မလဲ။ ရှိသမျှအင်အား ထုတ်ပြီး သုတ်ခြေတင်တော့တာပေါ့။

ခြေလှမ်းတိုင်းမှာ ဘယ်အချိန် ကျားသစ်ကြီး မီလာပြီး နောက်က ခုန်အုပ်မလဲ၊ ဘယ်အချိန်မှာ ရွှေလည်တိုင်ကြော့ကြော့ကို လှမ်းခဲလိုက်မလဲနှင့်ပေါ့။ ကြောက်လိုက်တာလည်း မပြောပါနှင့်တော့။ မျက်နှာ ဝင်းညက်ညက်ကလေး ကျားသစ် လက်သည်းဒဏ်နဲ့ ပျက်စီးရတော့မှာလား။ စိတ်ထဲမှာလည်း နောက်က လိုက်လာတဲ့ ကျားသစ်ရဲ့ အသက်ရှူသံကိုတောင် ကြားနေရသလို ထင်ပြီး ပြေးရင်းလွှားရင်း ငိုချလိုက်မိတော့တာပေါ့။

မှားပြီ၊ အမှားကြီး မှားပြီ။ ဇွတ်လုပ်ခဲ့တဲ့အတွက် မိဟယ်လင် ဒုက္ခလှလှကြီး တွေ့နေပြီလေ။

ပြေးနေရင်း နှင်းထုအောက်မှ ယုန်ဝပ်ကျင်းတခုထဲသို့ ခြေထောက်ဝင်သွားပြီး ထိုးလဲသွားသည်။ ကြောက်ကြောက်လန့်လန့်ဖြင့် အော်ငိုရင်း ကျန်သမျှ အင်အားနှင့် တွားသွားနေမိသည်။

ဤတွင်မှ ဘယ်တော့မျှ မကြားရတော့ဟု ထင်လိုက်သည့် အသံတသံကို ကြားလိုက်သည်။ လူသံ။ လူတယောက်၏ အော်ဟစ် အမိန့်ပေးလိုက်သံ။

"ရှီဘား. . . ရှီဘား. . . ရပ်. . . ရပ်"

အထိတ်တလန့်ဖြင့် နောက်ပြန်ကြည့်လိုက်တော့ ကျားသစ်နှင့် ဝါးတရိုက်ပဲ ကွာတော့သည်။ တော်ပါသေး၏။ ရှေ့မတိုးတော့ဘဲ ရပ်ပြီး စိန်းစိန်းကြည့်နေသည်။ အသံရှင်က တအားပြေးလိုက်လာသည်။ တကိုယ်လုံး အနက်ရောင် ဝတ်ထားသည်။ ဖိနပ်ကစ အနက်။ အဆောင်းတော့ မပါ။ အရပ်က မြင့်မြင့်၊ ပိန်ပိန်ပါးပါး။ ဆံပင်က ငွေရောင်။ ငွေရောင် ဆံပင်ပိုင်ရှင်၏ အသားမှာ ခပ်ညိုညိုမို့ ဆံပင်နှင့် သိပ်မလိုက်။ လမ်းလျှောက်လျှင် ခြေထောက်တဖက်က ဆာတာတာ။ မျက်လုံးကမူ လေးနက်ပုံ ရသည်။ နှာခေါင်းက ချွန်ချွန်။ မြင့်ဖူး၊

mgyoe.com

mgyoe.com
SAMPLE BOOK

တွေ့ဖူးသလိုလို ရှိသော်လည်း စဉ်းစားမရ။

ကျားသစ်က သူ့အနားရောက်လာသော သခင်ဖြစ်သူဘက်သို့ ယခုမှ ခေါင်းလှည့်သည်။ ငွေရောင်ဆံပင်ပိုင်ရှင်သည် ကျားသစ်ခေါင်းကို ပွတ်၍ 'ရှီဘား. . . ငြိမ်ငြိမ်နေ၊ ကြားလား' ဟု ခပ်တိုးတိုး အမိန့်ပေးလိုက်သည်။ အသံမှာ တိုးသော်လည်း လေးနက် တည်ငြိမ်၏။

ထိုသူသည် ဟယ်လင့်ကို တောင်းပန်လိုက်သည်။ သို့သော် သူ့လေသံမှာ လုံးဝ တောင်းပန်တိုးလျှိုးသည့် လေသံ မဟုတ်။

"အမှန်တော့ မင်း ပြေးဖို့ မလိုပါဘူး။ ရှီဘားက မင်းကို သူ့လက်ဖျားနဲ့ တောင် တို့မှာ မဟုတ်ဘူး"

ပြောပုံက ခြေခြေငံငံ မရှိလှဟု ဟယ်လင် ထင်သည်။ သူ့ဘဝတွင် ဘယ်အကြောင်းကြောင့်မှ ပြေးခဲ့၊ လွှားခဲ့ရခြင်း မရှိ။ ပြီးတော့ ယောကျ်ားသား တဦး၏ မထီမဲ့မြင် ဆက်ဆံမှုမျိုးနှင့်လည်း တခါမှ မကြုံဖူးခဲ့။

ယောကျ်ားကလေး အပေါင်းအသင်းများက ဟယ်လင့်ကို တလေးတစား ဆက်ဆံကြသည်သာ။ ပိုးသားလို နူးညံ့သည့် ပိတုန်းရောင်ဆံပင်၊ သေးသွယ် ပြည့်ဖြိုးသည့် ခန္ဓာကိုယ်နှင့် တည်ငြိမ်လေးနက်သည့် အမူအရာ ပိုင်ရှင်ကို အဘယ် သူကောင့်သားက မလေးမစား ဆက်ဆံဝံ့ပါမည်နည်း။ ရိုးရိုးအေးအေးနှင့် လောကကို ဂရုမစိုက်သလို နေတတ်ပေမယ့် ယောကျ်ားတို့ စွဲမက်တတ်သည့် အရည်အချင်းတွေ သူ့မှာ အားလုံး ရှိသည်ကို ဟင်လင် မသိမဟုတ်။ သို့သော် သည်တယောက်ကမူ သူငယ်နှပ်စားလေး တယောက်လို ဆက်ဆံနေသည်။

"ရှင် ဘယ်လို ပြောလိုက်တာလဲ။ ရှင်သာ ခုလို လှမ်းမအော်ရင် ကျွန်မ အမဲဖျက်ခံရသလို တစစီ ဖြစ်နေပြီ"

မာကျောစွာ ပြန်ပက်လိုက်သည်။ သူကတော့ လေအေးကလေးနှင့်ပင်။

"ရှီဘားကို သတ်ဖို့ ဖြတ်ဖို့ သင်မထားပါဘူး။ သားကောင်ကို ရအောင် ဖမ်းပြီး ယူလာဖို့ပဲ သင်ထားတာပါ"

"ဩ. . . ကျွန်မကို သားကောင်လို့ ဆိုလိုတာပေါ့ ဟုတ်လား"

ဟယ်လင်က နှင်းတွေကို ခါနေရင်း ပြန်ပြောသည်။

"မင်းက ပြေးတာကိုး"

"ဩော်. . . တောရိုင်း တိရစ္ဆာန်တကောင် ရှေ့မှာ ကျွန်မက လည်စင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရမှာလား"

ထိုသူ၏ မျက်နှာမှာ ပြုံးရောင်သမ်းသွားပြီးမှ -

"တို့ ဒီနေ့ ဘာကောင်မှမရတော့ဘူး အောက်မေ့နေတာ"ဟု သရော်တော်တော်ပြောပြန်သည်။ ပြီးမှ ဆက်၍

"ဒါထက် နေပါဦး၊ မင်းက ဒီနှင်းတောထဲကို အပျင်းပြေ လမ်းလျှောက်ထွက်လာတာလား"

မျက်နှာ ထူပူသွားသည်။ ဘယ်လို လူစားပါလိမ့်။

"ကျွန်မကား ဟိုနားမှာ ပျက်နေတယ်၊ အကူအညီများ ရမလားလို့ ဒီဘက် ထွက်ရှာတုန်း၊ ရှင့် ကျားသစ်. . ."

"ရှီဘား ပါကွယ်. . ."

ငွေရောင်ဆံပင်ပိုင်ရှင်သည် သူ့နံဘေးတွင် ကျိုးနွံစွာ ရပ်နေသည့် အကောင်ကြီးကို ကြည့်ပြီး -

"ရှီဘားဟာ ကျားသစ်မျိုးနွယ်ဝင် ဖြစ်ပေမယ့် ကျားသစ် မဟုတ်ဘူး ကလေးမ။ အေးလေ၊ အမဲလိုက် ကျားသစ်. . ."

"အို. . . ကျားသစ်ဟာ ကျားသစ်ပဲပေါ့။ ဘာဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားပါဘူး။ တဆိတ် အနီးဆုံး တယ်လီဖုန်းရှိတဲ့ နေရာကိုပဲ ပြပေးပါ။ ကျန်တာ ကိုယ့်ဘာသာကိုယ် စီစဉ်မယ်"

သူက ရှီဘား၏ ခေါင်းကို ပွတ်သတ်ရင်း -

"ဒီတဝိုက်မှာ လုံးဝ တယ်လီဖုန်း မရှိဘူး ကလေးမ။ စိတ်မကောင်းပါဘူး"

"တယ်လီဖုန်း ရှိတဲ့အိမ် မရှိဘူး၊ ဟုတ်လား"

သူက ပခုံးတွန့်လိုက်သည်။

"လူနေအိမ်ခြေ ဒီတဝိုက်မှာ သိပ်မရှိဘူး ခင်ဗျ"

"ဒါ ရှင် သူစိမ်း မိန်းကလေးတယောက်ကို ဆက်ဆံပုံ ဆက်ဆံနည်းလား။ ဒါမှမဟုတ် တမင် ခွတိုက်နေတာလား"

မုန်းစရာ ကောင်းလိုက်တာ။ သူ့ကို ခပ်ရိုင်းရိုင်း ပြောတာလည်း မနာတတ်သလိုပဲ။

"ရော. . . ခက်ပါပြီ ကလေးမနှယ်၊ တကယ့်ကို လူမနီး သူမနီး လွင်တီးခေါင်ထဲကို ရောက်နေတာကွဲ့။ ကဲပါလေ။ မင်းအနေနဲ့ ဝန်မလေးဘူး

mgyoe.com

mgyoe.com

ဆိုရင်တော့ ကျုပ် အိမ်ကို ဖိတ်ပါတယ်"

တွေးရခက်ကြီး ဖြစ်ရပြန်ပါပြီ။

"ရှင့်ကိုမှ ဒီက မသိတာ"

"အောင်မာ. . . ကျုပ်ကကော ခင်ဗျားကို သိလို့လား၊ ပြောစမ်းပါဦး"

"ဒါကတော့. . . ဟို. . . "

ဘာဆက်ပြောရမှန်းမသိ၊ စိတ်မသက်မသာဖြင့် အောက်နှုတ်ခမ်းကို ကိုက်လိုက်မိသည်။

"ဒါထက်. . . ရှင်က အိမ်ထောင်နဲ့လားဟင်. . . "

သူက မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်ကလာ"

"ဒါဖြင့် ရှင်နဲ့ ဒီကျားသစ်ကြီးနဲ့ နှစ်ကောင်တည်း. . . အဲလေ. . . "

"မဟုတ်ဘူး၊ အိမ်ဖော် ဦးကြီးတယောက် ရှိသေးတယ်၊ တို့နှစ်ယောက်တည်းပဲ"

သူက တနေရာတည်းမှာ အကြာကြီး ရပ်နေရလို့ ခြေထောက်တွေ နာလာသလို နေရာပြောင်း ရပ်လိုက်သည်။

စဉ်းစားလေလေ အခြေအနေက ကျဉ်းကျပ်လေလေ။ ဒုက္ခပါပဲ။ သွားစရာက လမ်းနှစ်သွယ်ပဲ ရှိသည်။ ဘယ်လမ်းကိုမှ လိုက်၍ မဖြစ်။ ကွန်းခိုရာတွေ့နိုးနိုးနှင့် နှင်းမိုး၊ နှင်းပေါက်တွေထဲမှာ ဆက်လျှောက်နေ မလား။ ဘယ်လိုမှ မဖြစ်နိုင်။ အန္တရာယ်တွေက ဒုနဲ့ဒေး။ ဒါဖြင့်ရင် ဘုမသိ ဘမသိနှင့် သည်လူစိမ်းနောက်ကို လိုက်သွားရမလား။ ပြီးတော့ သူတို့ နေသည်က ယောကျ်ားနှစ်ယောက်တည်းတဲ့။ ဟယ်လင် ဘာလုပ်ရပါ့မလဲ။

ငွေရောင်ဆံပင်ပိုင်ရှင်က စိတ်မရှည်တော့သလို -

"ကဲ. . . မင်း တခုခုကို ဆုံးဖြတ်တော့လေ"တဲ့။

သူ့အမူအရာက အောင့်အည်း သည်းခံနေရသည့် ပုံမျိုး။

သည့်အတွက်ကြောင့်လား မသိ၊ သူ့ဖိတ်ခေါ်မှုကို လက်ခံလိုက်မိသည်။

"ကျွန်မ သေတ္တာ ကားထဲမှာ ရှိတယ်၊ ပြန်ယူဦးမှ ထင်တယ်"

"ကိစ္စမရှိဘူး၊ ဦးကြီးကို ယူခိုင်းရင် ရတယ်၊ လာ. . . သွားစို့၊ မှောင်တော့မယ်"

mgyoe.com

ပြောပြောဆိုဆို သူက လျှောပြေပြေ နှင်းလွှင်ပြင်ထဲကို ဆင်းသွားနှင့်ပြီ။

"ကျွန်မတို့ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာတော့ တယောက်နဲ့တယောက် သိဖို့ လိုမယ် ထင်တယ်"

သူက နဖူးရေတွန့်သည်အထိ ရှုံ့၍ ပြန်ကြည့်လိုက်သည်။

"အဲဒါက အရေးကြီးလို့လား။ နှင်းတောထဲမှာ စက်စက်နစ်နေတာကို မင်းက ပျော်နေလို့လား၊ ပြောစမ်းပါဦး"

ဘာမှပြောစရာ မရှိ၍ သက်ပြင်းကိုသာ မှုတ်ထုတ်လိုက်မိသည်။ နောက်ဆုံး ချောကျိကျိ ကုန်းအဆင်းသို့ သူ့နောက်မှ ဆင်းလိုက်ခဲ့ရတော့သည်။ သို့သော် နူးညံ့ ပြောင်လက်သော သားမွေးရုံကို ဝတ်ခြုံ၍ သခင့်နံဘေးမှ လိုက်နေသော တိရစ္ဆာန်ကောင်နှင့် မလှမ်းမကမ်းမှ မခွဲမရဲဖြင့်။

တဖြည်းဖြည်းနှင့် ကားလမ်းပေါ်သို့ ပြန်ရောက်လာကြသည်။ ကျားသစ်သည် သူ့သခင်ရှေ့မှ ဝင့်ဝင့်ကြွားကြွား လျှောက်သွားနေသဖြင့် ဟယ်လင်သည် ငွေရောင်ဆံပင်ပိုင်ရှင်၏ နံဘေးသို့ ရောက်မှန်းမသိ ရောက်လာသည်။ ခြေတဖက် ဆာနေသော်လည်း သူ လမ်းလျှောက်ပုံမှာ သွက်လက်သည်။ ကိုယ်နေဟန်ထား လှုပ်ရှားသွားလာပုံမှာ အားကစားသမားတယောက်လို ဖျတ်လတ်သည်။ သူ့ကို မြင်ဖူးသလိုလိုပဲ။ စိတ်ထဲမှာ ဇဝေဇဝါပင်။ အသိအကျွမ်းထဲက တယောက်ယောက်နဲ့များ တူနေလို့လား။ ဝိုးတိုးဝါးတားမျှသာ။

ကျဉ်းသည်ထက် ကျဉ်းသော သီးသန့် လမ်းချိုးတခုသို့ ချိုးအဝင်တွင် စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။ ဘုရား. . . ဘုရား. . . ။ လူကောင်း သူကောင်းမှ ဟုတ်ပါ့မလား။ ဘယ်ကိုများ ခေါ်သွားနေပါလိမ့်။ ဒီအနားတဝိုက်မှာ တယ်လီဖုန်း မရှိဘူး၊ လူနေအိမ်ခြေ မရှိဘူး ဆိုတာကော သူ လိမ်ပြောတာ မဖြစ်နိုင်ဘူးလား။

ဟိုတယောက်က သူ့သံသယကို ထိုးထွင်းသိနေသည့်အလား-

"ဘာလဲ၊ ကျုပ်ကို မင်း မယုံလို့လား။ ဒီလိုဆိုလည်း အေးအေး ဆေးဆေး ပြန်လှည့်သွား။ ရှိဘားအတွက် ဘာမှမပူနဲ့"

သည်လိုဆိုတော့လည်း စိတ်လျှော့လိုက်ရပြီပေါ့။

"အို. . . ဘာလို့ ပြန်လှည့်ရမှာလဲ"

"ကဲ. . . ဒါဖြင့်လည်း လာ. . . "

mgyoe.com

mgyoe.com SAMPLE BOOK

သည်တော့မှ သူ့ကို ဘေးတိုက်ကြည့်မိသည်။ ညိုဖျော့ဖျော့ မျက်တောင်များမှာ ရှည်လျားစွာဖြင့် မျက်ဝန်းများကို မိုးထားသည်။ ယောက်ျားသားများတွင် တွေ့ရခဲသည့် မျက်တောင်မျိုး။ မျက်လုံးများကမူ ရှီဘား၏ မျက်လုံးများလို တောက်ပပြီး ရှီဘား၏ မျက်လုံးများလိုပင် အကဲခတ်ရ ခက်လှသည်။

တဖြည်းဖြည်း မြင့်တက်သွားသော လမ်းကလေးအတိုင်း လိုက်သွားပြီးလျှင် မောင်းလက်တံ ဂိတ်ဝတခုကို ဖြတ်ရသည်။ ပြီးတော့ ကျောက်လှေကားထစ်များကို ကျော်တက်ရသေးသည်။ အိမ်ကို လှမ်းမြင်ရပြီ။ ဝင်း ပတ်ပတ်လည်တွင် သစ်ပင်များ တန်းစီစိုက်ထားသည်။ နွေရာသီ ခက်လက် ဝေဖြာချိန်တွင်ဆိုလျှင် အိမ်ကိုတောင် မြင်ရမည် မထင်။ အပင်တွေက စိပ်လှသည်။

အိမ်ကြီးမှာ အထီးကျန်နိုင်လှ၏။ အပြာရောင်လွင်ပြင်ထဲမှ ဧရာမ အရိုးပြိုင်းပြိုင်းနှင့် သစ်ပင်ကြီးများအလယ်တွင် နှင်းတောင်ကြီးတခုနှင့် တူနေသည်။ ခေါင်းတိုင်မှ မီးခိုးတန်းကလေးများ တက်နေသည်။ အောက်ထပ်မှ အချို့အခန်းများ မီးလင်းနေသည်။ အိမ်ရှေ့မျက်နှာစာတွင် အလှစိုက် မြက်ခင်းပြင် ရှိဟန်တူသည်။ ကြေမွနေသည့် နှင်းတွေအောက်မှ မြက်ပင် အစအနများ တွေ့ရသည်။

ငွေရောင်ဆံပင်ပိုင်ရှင်က ခြေထောက်တွေကို တဖက်ချင်း ဆောင့်၍ နှင်းတွေကို ခါချနေသည်။ ဟယ်လင့်ကိုလည်း သူ့နည်းတူ လုပ်ခိုင်းသည်။ သစ်သားဝင်းတံခါးကို တွန်းဖွင့်သည်။ သူ့နံဘေးမှ ကပ်၍ ဝင်ဖို့ အချက်ပြသည်ကို ဟယ်လင်က နားလည်သည်။

ရှီဘားကို တချက် လှမ်းကြည့်လိုက်တော့ သူ့ကို မျက်တောင်မခတ်ဘဲ စိန်းစိန်းကြည့်နေသည်ကို တွေ့ရသည်။ ပြီးတော့ သူ့သခင်နံဘေးမှ ကပ်၍ အိမ်ကြီးဆီသို့ ဆက်လိုက်လာသည်။

အိမ်ထဲ ရောက်တော့ အနွေးဓာတ်ကို ခံစားရသည်။ သည်းထိတ်ရင်ဖိုစရာ မြင်ကွင်းတွေ၊ ဆောက်တည်ရာမရ စိတ်လှုပ်ရှားမှုတွေကြောင့် အအေးဒဏ်ကို မေ့နေခဲ့သည်။ ခုမှ ထွေးနွေးသည့် အဆောက်အအုံအတွင်း ရောက်ပြီး အေးခိုက်ခိုက် တုန်နေတော့သည်။

ခန်းမထဲသို့ လူကြီးတယောက် ပြေးဝင်လာပြီး ဟယ်လင့်ကို တအံ့တသြ ကြည့်နေသည်။ အရပ်အမောင်း ကောင်းကောင်း၊ တောင့်တင်း သန်မာသည့် ခန္ဓာကိုယ်။ နပန်းသမားကြီးနှင့် တူသည်။ ပခုံးကျယ်ကြီးများနှင့်။

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်ကျလှချည်လား ဆရာ၊ ဦးကြီးဖြင့် စိတ်ပူလိုက်ရတာ"

ထိုလူကြီးက ခေါက်တင်ထားသော အင်္ကျီလက်မောင်းကို ဖြေချ၍ ပြောသည်။ ငွေရောင်ဆံပင်ပိုင်ရှင်က နှင်းကာဝတ်ရုံကို ကြယ်သီး ဖြုတ်နေရင်း သူ့ရှေ့မှ ဆတ်ဆတ်တုန်နေသည့် မိန်းကလေးကို စိုက်ကြည့်နေပြီး -

"ကဲ. . . ဦးကြီး မြင်တဲ့အတိုင်းပဲ ဦးကြီးရေ၊ ဧည့်သည် ပါလာတယ်။ ကလေးမ ကားပျက်ပြီး ဟိုနောက်နားမှာ ကျွန်တော်တို့နဲ့ တွေ့လာတာ။ ကဲ လက်ဖက်ရည်လေး ဘာလေး လုပ်ပေးပြီး သူ့ပစ္စည်းတွေ သွားယူပေးပါဦး"

သူ့အသံက တိုးတိုးနှင့် ညင်သာလှသည်။ ဦးကြီးက သူ့ဆရာ ပြောသည်ကို ဦးညွှတ်ရိုသေစွာ နားထောင်သည်။ ရှီဘားကဲ့သို့ပင် သခင်ကို ကျိုးနွံလှသည်။ သူတို့ဆရာထက် အရေးကြီးသည့် အရာကိစ္စ ဟူ၍ မရှိတော့သလို။

"ကောင်းပါပြီ ဆရာ၊ ဒီက မလေး ဒီမှာပဲ အိပ်ရမယ် ထင်ပါတယ်။ အခန်းကော ပြင်လိုက်ရမလား ဆရာ"

ဦးကြီးက ပြုံးရွှင် ယဉ်ကျေးစွာ မေးသည်။

"ဒါပေါ့ ဒါပေါ့၊ ပြင်လိုက်ပါ"

သူ နှင်းကာ အင်္ကျီကို အိမ်စေ ဦးကြီးဆီ လှမ်းပစ်ပေးရင်း ပြောလိုက်သည်။ သူ့အောက်ခံအင်္ကျီများလည်း အနက်ရောင်ပါလား။

"မင်း ဂျာကင်ကိုလည်း ဦးကြီးကို ပေးလိုက်လေ။ ဦးကြီးက သေသေချာချာ ခြောက်အောင် လုပ်ပေးလိမ့်မယ်"

လက်တွေက တဆတ်ဆတ် တုန်နေပြီ။ ထုံကျင် ကိုက်ခဲနေပြီ။ အင်္ကျီကြယ်သီးတွေကို သူ ပြောသည့်အတိုင်း ဖြုတ်သည်။ မရ။ သူက ရှေ့တိုးလာသည်။ တုန်ယင်နေသော လက်တွေကို ဖယ်ပြီး အနွေးထည် အင်္ကျီကြယ်သီးကို ဖြုတ်ပေးသည်။ အင်္ကျီကို ချွတ်၍ ဦးကြီးကို လှမ်းပေးသည်။

ရိုးတွင်းခြင်ဆီထိ တစိမ့်စိမ့် အေးလာသည်။ သူ့အမူအရာက ပိုင်စိုးပိုင်နင်းနိုင်လှ၍ ခံပြင်းနေမိ၏။ သူက ဘာမို့လဲ။ မျက်နှာထားက ရှုတင်းတင်း။ ပြောပုံ ဆိုပုံက မထီလေးစားနဲ့။ ခံပြင်းစရာ ကောင်းလိုက်တာ။ တခါတခါ တော့လည်း ကြောက်စရာ ကောင်းသလိုလိုပဲ။ ဆာတာတာ လှမ်းလျှောက်ပုံကို သူ့ကိုယ်ပိုင်ဟန် တမျိုးလို့များ ထင်နေလား မသိ။ တခုတော့ ရှိသည်။ အင်္ကျီချွတ်ပေးစဉ် တဒင်္ဂ အထိအတွေ့မှာ ထွေးထွေးနွေးနွေး နူးနူးညံ့ညံ့ ရှိလှသည်။ ရင်ထဲအထိ နွေးသွားသလိုလိုပဲ။ ထူပူ ရှိန်းဖိန်းသွားသည်တော့ အမှန်။ လူကြီး

mgyoe.com

mgyoe.com
SAMPLE BOOK
ကိုက မုန်းစရာကြီး။ မုန်းစရာကြီး ဆိုရင် ဘာလို့များ ရင်တွေ ဖိုနေပါလိမ့်။ တမျိုးကြီးပဲကွယ်။

ဦးကြီးက သူ့ညာဘက် အခန်းတံခါးကို ဖွင့်လိုက်သည်။ ယောက်ျားကြီး နှစ်ယောက်က ဟယ်လင့်ကို အလျင်ဝင်စေလိုဟန်ဖြင့် စောင့်နေကြ၍ အလျင်ဝင် လိုက်ရသည်။ ထင်းရှူးနံ့ဖြင့် သင်းကြိုင်နေသည့် ဧရာမ ဧည့်ခန်းဆောင်ကြီး ကို ဝေ့ကြည့်လိုက်သည်။ မီးလင်းဖိုထဲမှ အားနှင့် မာန်နှင့် တဟုန်းဟုန်း တောက် နေသော မီးရောင်နှင့် မီးလုံးနှစ်လုံးတို့၏ အလင်းရောင်ဖြင့် ခန်းမဆောင်မှာ နွေးထွေး ထိန်လင်းလျက်။ မီးဖိုနံဘေးတွင် ထင်းရှူးသားတွေကို စီစီရီရီ ပုံထား သည်။ ခန်းလုံးပြည့် ကော်ဇော ခင်းထားသည်။ ပရိဘောဂ အားလုံးက မဟော် ဂနီရောင်။ မီးဖိုနံဘေးမှ စာအုပ်စင်တွင် ဝတ္ထုစာအုပ်တွေ၊ မဂ္ဂဇင်း စာအုပ်တွေ အပြည့်။ စားပွဲပေါ်တွင်ကား ဝီစကီပုလင်းနှင့်ဖန်ခွက်နှစ်လုံး။ ဖန်ခွက်က နှစ်လုံး ပါလား၊ ဘာအဓိပ္ပာယ်ပါလိမ့်။ တံခါး စေ့သွားသည်။ သူ ဝင်မလာခင် ရှီဘား ဝင်လာသည်။

"ဟောတော့"

အခန်းထဲမှာ ရှီဘားနှင့် သူနှင့် နှစ်ယောက်တည်း။ အလန့်တကြားနှင့် နံရံကို ကပ်နိုင်သမျှ ကပ်နေရသည်။ တော်ပါသေး၏။ ရှီဘားက သူ့အနားမှ ပွတ်သွားပြီး မီးဖိုနံဘေးတွင် ခြေပစ်လက်ပစ် အပျင်းဆန့်နေချိန်တွင် သူ ရောက်လာသည်။ အိမ်စေ ဦးကြီးကတော့ အလုပ်ရှုပ်နေရှာမည်။

"ကဲ. . . ထိုင်ပါ ထိုင်ပါ"

ဟု ဆိုလာတော့ မသက်မသာနှင့် ကုလားထိုင်တလုံးပေါ်တွင် ထိုင် လိုက်ရသည်။ သူက မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်၏။ မနှစ်မြို့စွာ စိုက်ကြည့်နေသော မျက်လုံးများကို သတိထားလိုက်မိသည်။ ခြေအစုံကို ရှေ့ပစ် ပြီး လွတ်လွတ်လပ်လပ် အနားယူနေသလို အတန်ကြာနေပြီးမှ ဝီစကီပုလင်း အဖုံးကို ဖွင့်၍-

"မင်း နည်းနည်း သောက်လိုက်ရင် ကောင်းမယ် ထင်တယ်။ ဒါမှ နွေးသွားမှာ"

ပြောပြောဆိုဆို အရက်ကို ငှဲ့ပြီး လှမ်းပေးတော့ ယူလိုက်ရသည်ပေါ့။ ကြိုက်လို့တော့ မဟုတ်။ ဖြည်းဖြည်းချင်း သောက်နေမိသည်။ အချမ်း ပေါ့သွား သလိုလို။ သူက ဘာမှ မသောက်ဘဲ ကိုယ်ကို နောက်သို့ ပစ်လှန်လိုက်သည်။
mgyoe.com

mgyoe.com SAMPLE BOOK

မျက်တောင်စင်းပြီး စူးစူးစိုက်စိုက် ကြည့်နေသည်။ သူ့မျက်လုံးများက တစုံတယောက်ကို ဖောက်ထွင်းမြင်နိုင်စွမ်း ရှိသလို အရောင်တလက်လက်နှင့်။ ခွက်ထဲမှ အရက်မကုန်မီ အိမ်စေ ဦးကြီး လက်ဖက်ရည် ဗန်းနှင့် ရောက်လာသည်။ ခြေပစ်လက်ပစ် ဇိမ်ယူနေသော ရှီဘားကို မောင်းထုတ်ပြီး စားပွဲနိမ့်ကလေး တလုံးပေါ်တွင် လက်ဖက်ရည်ဗန်းကို တင်လိုက်သည်။ ပြီးမှ ခါးကိုဆန့်ပြီး-

"ကဲ. . . ဒီက မလေးရဲ့ သေတ္တာ ယူဖို့ ကျွန်တော် သွားတော့မယ်။ မလေးက ဦးကြီးကို သော့ပေးပါလား"

"သြော်. . . ဟုတ်သားပဲ၊ ရော့. . . ဦးကြီး ရော့"

အားတုံ့အားနာ ပြုံးရင်း လက်ပွေ့အိတ်ထဲမှ သော့တွဲကို နှိုက်ယူပြီး လှမ်းပေးလိုက်သည်။

"သိပ် ကျေးဇူးတင်ပါတယ် ဦးကြီးရယ်။ ကားပျက်တဲ့ နေရာနဲ့ မိုင်ဝက် လောက်တော့ လျှောက်ရမယ် ထင်တယ်"

ဦးကြီးက ခေါင်းတညိတ်ညိတ်ဖြင့်-

"ရပါတယ်၊ ရပါတယ်ကွယ်"

ဟု ပြောပြောဆိုဆို ထွက်သွားသည်။

ယမကာ အရှိန်ဖြင့် အတော်လေး နေသားကျသွားသည်။ မနက်ဖြန် ဒီအချိန်လောက်ဆို မြကန်သာ ရောက်ပြီ။ အင်း. . . ဒီနေ့ အဖြစ်အပျက်ကတော့ 'မမေ့တဲ့နိုင်' အတွေ့အကြုံလေး တခုပဲ။ လန်ဒန်ပြန်ရောက်တဲ့အခါ သူငယ်ချင်းတွေကို ပြန်ပြောစရာ ဇာတ်လမ်းလေးတပုဒ် ရတာပေါ့။

လက်ဖက်ရည်ဗန်းကို လှမ်းကြည့်လိုက်သည်။ အသားညှပ်မုန့်နှင့် သစ်သီး ဌာပနာမုန့်တို့မှာ သွားရည်ယိုချင်စရာ။

"နို့နဲ့ သောက်မှာလား၊ သံပရာရည်နဲ့လား"

သူ မေးပုံက တိုတောင်းလှသည်။ သို့သော် ထွေးထွေးနွေးနွေးနှင့် နေသားကျသွားပြီး တည်ငြိမ်စပြုပြီ ဖြစ်၍ ပြန်မပက်လိုတော့။ ပြီးတော့ တညတာ ကွန်းခိုခွင့် ပေးထားသည့် ကယ်တင်ရှင် အိမ်ကြီးရှင် မဟုတ်ပါလား။

"နို့ပဲ သောက်ပါ့မယ်၊ သကြား မထည့်ပါနဲ့နော်။ ကျေးဇူးပါပဲ"

သူက လက်ဖက်ခြောက် အကျရည်ကို နို့ခွက်ထဲသို့ လောင်းထည့်နေစဉ်-

"ကျွန်မတို့ တယောက်နာမည် တယောက် သိကြဖို့ အချိန်သင့်ပြီ

mgyoe.com

mgyoe.com SAMPLE BOOK

ထင်တယ်"

ဟု စကားစလိုက်သည်။ သူက လက်ဖက်ရည်ခွက်ကို လှမ်းပေးရင်း-

"ဒါက အကြောင်း မဟုတ်ပါဘူးကွာ"

ဟု ခြောက်ကပ်ကပ် ပြန်ပြောသည်။

"သူစိမ်းတယောက်ကို တည်းခိုခွင့်တော့ ပေးပြီး သူ့နာမည်ကိုကျတော့ သိဖို့ မလိုဘူးလား"

သူက မျက်တောင်မခတ် စိုက်ကြည့်နေရင်း -

"နာမည်က အရေးမကြီးပါဘူးကွာ။ ဘယ်အမျိုးအစားလဲ ဆိုတာ ကသာ အဓိကပါ။ ဥပမာ ဆိုပါတော့၊ မင်းနာမည်ကို ကျုပ် မသိပေမယ့် မင်းဟာ အတော်ခေါင်းမာတဲ့ မိန်းကလေး။ ပြီးတော့ လူကြီးသူမ စကားကို မနာခံချင်တဲ့ မိန်းကလေး ဆိုတာ ကျုပ် သိနေနှင့်ပြီပဲ"

မျက်နှာတွေ ရှိန်းဖိန်းသွားသည်။

"ဘယ်လိုလုပ်ပြီး သိတာလဲ၊ ပြောပါဦး"

ဆောင့်ကြီးအောင့်ကြီး မေးလိုက်သည်။ သူက ပခုံးတွန့်ပြီး-

"တွက်လို့ ရပါတယ်ကွ။ ဒီလို နှင်းမုန်တိုင်းထဲမှာ မိန်းကလေး တယောက်တည်း ကားမောင်းထွက်လာတယ် ဆိုတာရယ်၊ ကားပေါ်မှာလည်း အဝတ်အစားသေတ္တာ ပါလာတယ် ဆိုတာရယ်ကို ခြုံကြည့်ရင် မင်းဟာ အိမ်က ထွက်ပြေးလာတာရင်လည်း ဖြစ်ရမယ်။ တယောက်ယောက်နဲ့ တွေ့ဖို့ ချိန်းတဲ့ နေရာကို ထွက်ခဲ့တာရင်လည်း ဖြစ်ရမယ်။ ပြီးတော့ အခြေအနေကြောင့် ဒီမှာ ညအိပ်ညနေ ဝင်တည်းရတာကိုလည်း မင်း ဘာမှ မမှုသလိုပဲ"

လက်ဖက်ရည်ကို ကျိုက်လိုက်ရင်း -

"အို. . . ဒါကတော့ မဆန်းပါဘူး၊ ဒီခေတ်ကြီးမှာ ဒီလိုပဲ အမျိုးသမီး တွေ တယောက်တည်း သွားလာနေကြတာပဲ"

"ဒီလို ရာသီဥတုထဲမှာတော့ ဘယ်သူမှ မသွားဘူး။ မဟုတ်တာ"

"ဒါကတော့ တာဝန်နဲ့ သွားလာ လှုပ်ရှားနေတဲ့ အမှုထမ်း မိန်းကလေး တယောက်ယောက် မဖြစ်နိုင်ဘူးလား"

"အင်း. . . ဖြစ်နိုင်ရင်တောင် ရှိတော့ ရှိတယ်၊ ရှားတယ် ဆိုတာမျိုး ဖြစ်မှာပဲ"

"ဘာဖြစ်လို့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီမှာ ကလေးမ၊ မင်းဟာ တာဝန်နဲ့ ထွက်လာခဲ့ရတဲ့ အလုပ်သမ တယောက် ဖြစ်ကို မဖြစ်နိုင်ဘူး"

အထိတ်တလန့်ဖြင့် ပြန်မေးလိုက်မိပြန်သည်။

"ဘာဖြစ်လို့"

"မင်း ပြောပုံဆိုပုံ၊ လှုပ်ရှားပုံက မင်းဟာ တစုံတယောက်ရဲ့ အလုပ်သမတယောက် မဖြစ်နိုင်ကြောင်း ရှင်းနေတာပဲ"

သက်ပြင်းချလိုက်ရတော့သည်။ သူ့ကိုနိုင်အောင် ပြောဖို့ မလွယ်မှန်း သိလာသည်။ အကျောက်အကန်လည်း မငြင်းချင်တော့။ သူ့ကျေးဇူးကလည်း ရှိသေးသည် မဟုတ်လား။ ကျေးဇူးတရားကို သိမ်သိမ်မွေ့မွေ့ တုံ့ပြန်ချင်သား။

ခံပြင်းချင်စရာ သူ့အမူအရာတွေကြောင့် ပြန်ကောနေမိတာ။ နောက်ဆုံး စိတ်ကို လျှော့ချလိုက်သည်။

"ကောင်းပါပြီတဲ့ ရှင်၊ ကောင်းပါပြီတဲ့။ အစ်ကိုကြီး ပြောတာ မှန်ပါတယ်။ ဟုတ်တယ်၊ ကျွန်မဟာ ဖီးလစ်ဂျိမ်းရဲ့သမီး၊ ဟယ်လင်ဂျိမ်းပါ"

"ဟုတ်လား၊ ကျုပ်တော့ ဒီနာမည် မကြားဖူးပါလား။ ကျုပ်ကပဲ လောကကြီးနဲ့ အဆက်အသွယ် သိပ်ပြတ်နေလို့ များလား"

သူ့လေသံက မထိတထိ ကလိသလို။ သူက တချက် ပြုံးလိုက်သည်။ ထိုတဒင်္ဂတွင် ပို၍ နုပျိုသွားသည်ဟု ထင်လိုက်ရသည်။ မျက်နှာပုံပန်း အနေအထားကို ခုမှ သေသေချာချာ ကြည့်မိသည်။ ဘယ်မှာ မြင်ဖူးပါလိမ့်။ မြင်ဖူးသည်တော့ အမှန်။ ဘယ်တုန်းကလဲ။ ဘယ်မှာလဲ။ ဘယ်သူနဲ့ ပတ်သက်လို့လဲ။ အတောမသတ်သည့် မေးခွန်းများ၏အဖြေကိုရှာဖို့ ကြိုးစားရင်း ဆက်ပြောနေမိသည်။

"ဟယ်လင့် ဖေဖေက ဆာဖီးလစ်ဂျိမ်းပါ။ မနှစ်က စက်မှုထုတ်ကုန် ထူးချွန်ဆုကို ရခဲ့တာ ဖေဖေ့ကုမ္ပဏီပေါ့"

သူက ခေါင်းတဆတ်ဆတ် ညိတ်ရင်း-

"ကဲ ကဲ. . . ထားပါတော့။ ဒါထက် နေပါဦး"

ဟယ်လင်က သူ့စကားကို ဖြတ်၍ -

"ကဲ. . . ဟယ်လင်က နာမည် ပြောပြီးပြီ။ အစ်ကိုကြီး နာမည် ပြောဦးလေ"

"နေပါဦး နေပါဦး။ ဒီလူမနီး သူမနီး ရေခဲပြင်ကြီးထဲမှာ အမိက ဘာလှာ

mgyoe.com

 mgyobe.com SAMPLE BOOK 

လုပ်တာလဲ ဆိုတာ ကျုပ်ကို အရင်ပြောပါဦး"

ဟယ်လင်က အောက်နှုတ်ခမ်းကို အသာကိုက်ထားလိုက်သည်။

"တကယ်တော့ ဘာရယ်လို့ မဟုတ်ပါဘူး။ ဖေဖေ လိုက်မရှာမယ့် နေရာကို ရွေးပြီး လာခဲ့တာပါ"

သူက မျက်မှောင်ကြုတ်လိုက်ပြီး-

"ဒါဖြင့် မင်း အိမ်က ထွက်ပြေးလာတာပေါ့ ဟုတ်လား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ ဟယ်လင် ဖေဖေ့အတွက် စာတစောင် ရေးထားခဲ့ပါတယ်။ ဖေဖေ စိတ်ပူနေမယ်တော့ မထင်ပါဘူး"

"အိုး. . . ဘယ်မိဘက သားသမီး ပျောက်တာကို စိတ်မပူဘဲ ရှိမလဲကွ"

ဟယ်လင်က စိတ်မသက်မသာဖြင့်-

"ပူချင်လည်း ပူမှာပေါ့လေ။ အဲဒါကို အစ်ကိုကြီး မေ့ထားလိုက်ပါ။ အစ်ကိုကြီးနဲ့ တွေ့ရတာကိုပဲ ဟယ်လင် ကံကောင်းလွန်းလို့ ထင်ပါတယ်။ မတွေ့မျှား မတွေ့ရင် ဘယ်လောက် ဒုက္ခရောက်မလဲ မသိဘူး"

"ဒုက္ခရောက်ရုံတင် မကဘူး၊ နှင်းတောထဲမှာ အသက်ပျောက်နိုင်တယ် ခင်ဗျ၊ သိလား"

သူ့အသံက တိုးသက် ညင်သာလှသည်။ ဟယ်လင်က ခုမှ သိပ်ကြောက်လာသည်။

"ကိုယ် သွားမယ့် ခရီးကို ဘယ်သူ့မှ အသိမပေးဘဲ ထွက်လာတာ သိပ်မှားတာပေ့ါ။ ဘယ်သူနဲ့မှ မတွေ့ဘဲ ကားရော လူရော နှင်းတောထဲမှာ ပိတ်ပြီး နစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ ဒါထက် ဘယ်လောက် ကြီးကျယ်တဲ့ ပြဿနာမို့ မင်း ထွက်ပြေးလာခဲ့တာလဲ"

ဟယ်လင်က နာကြည်းစွာဖြင့်-

"မပြောပါရစေနဲ့ အစ်ကိုကြီးရယ်"

"ထားပါလေ ထားပါ။ ကျုပ်က လူ့လောကအပြင် ရောက်နေတာ ကြာတော့ လောကအကြောင်း စပ်စပ်စုစု လုပ်တတ်နေတယ် ထင်ပါရဲ့"

သူ့ကို ငေးကြည့်နေမိသည်။ လူ့လောကအပြင် ရောက်နေသည်တဲ့။ ဆောင်းရာသီမို့ ကူးသန်းသွားလာမှု နည်းပါးသည်တော့ မှန်ပါသည်။ သို့သော် သည်ဒေသမှာ သူ ပြောသလို လောကကြီးနှင့် အဆက်ပြတ်နေသည်ဟု ဆိုရ

mgyobe.com

mgyoe.com SAMPLE BOOK

လောက်အောင်တော့ ဝေးလံသီခေါင်လှသည် မဟုတ်ပါ။ သူ့ဘာသာသူ သီးခြား ကမ္ဘာတခုထဲမှာ တမင် အဆက်ဖြတ် ပုန်းအောင်းနေလျှင်တော့ မပြောတတ်။ ဟယ်လင်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေမိရာမှ-

"ဟယ်လင်တို့ ဖေဖေက ဟယ်လင့်ဘဝကို သူ ကြိုက်သလို ခြယ်လှယ်ချင်တယ်"

ဟု စ၍ တလုံးချင်း ပြောနေမိသည်။

"တကယ်တော့ ဟယ်လင် နှစ်ဆယ့်နှစ်နှစ် ပြည့်ပြီပဲ အစ်ကိုကြီးရယ်။ လွတ်လွတ်လပ်လပ် ကိုယ်ပိုင် ဆုံးဖြတ်ခွင့်တော့ ရှိရမယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား။ အသေးအဖွဲပါ။ အသေးအဖွဲကိစ္စလေးတခုမှာ ဖေဖေ့စကား နားမထောင်နိုင်လို့"

"အသေးအဖွဲကိစ္စတော့ ဟုတ်မယ်မထင်ပါဘူးကွာ။ အသေးအဖွဲကိစ္စဆိုရင် ခုလို ရာသီဥတုထဲမှာ မိုင်နှစ်ရာကျော် ခရီးကို စွန့်စွန့်စားစား မင်းဘယ်လာခဲ့ပါ့မလဲ။ ကဲ. . . ထားပါလေ၊ ကိုယ်ရေးကိုယ်တာ ကိစ္စကို မျိုသိပ်ထားတတ်တာဟာ ကောင်းတဲ့ အကျင့်ပဲ။ လေးစားပါတယ်"

ဟယ်လင်က လက်ဖက်ရည်ပန်းကန်ကို ဗန်းထဲသို့ ပြန်ထည့်ရင်း-

"အစ်ကိုကြီး၊ ဒီ လူမနီး သူမနီးမှာ နေရတာ မငြီးငွေ့ဘူးလားဟင်။ အဖော်ဆိုလို့လည်း ဦးကြီးတယောက်တည်း"

ရှည်လျားသည့် မျက်တောင်များသည် သူ့မျက်လုံးများကို ဖုံးကွယ်ထားလိုက်ကြသည်။

"ကျုပ်ဘဝဟာ ဘာမှ စိတ်ဝင်စားစရာ မကောင်းပါဘူး ကလေးမရယ်။ ကဲ. . . လက်ဖက်ရည် ထပ်ယူပါဦး"

ဟယ်လင်က သူ့ကို ပို၍ စိတ်ဝင်စားသွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့၍-

"ဘာလို့ ဟယ်လင် မေးတာကို မဖြေဘဲ ဝေ့လည်လည် လုပ်နေတာလဲ အစ်ကိုကြီး"

ဟု တဲ့တိုးကြီး မေးချလိုက်သည်။

"ဟုတ်လား၊ ကိုယ်က မင်း မေးတာ မဖြေဘဲ ဝေ့လည်လည် လုပ်နေတယ်ပေါ့ ဟုတ်လား"

သူ့လေသံက နူးညံ့ သိမ်မွေ့လှသည်။ မျက်လုံးတွေကမူ အရှောင်

mgyoe.com

mgyoe.com

တလက်လက်နှင့်။

"ဟုတ်တယ်လေ၊ သိရက်သားနဲ့။ ပြီးတော့ အစ်ကိုကြီးကို ဟယ်လင် တနေရာရာမှာ မြင်ဖူးသလိုလိုပဲ။ လူကိုယ်တိုင်ပဲ တွေ့ဖူးတာလား၊ ရုပ်ရှင်ထဲမှာလားပဲ"

"အမယ်. . . မင်းကလည်း မြှောက်တတ် ပင့်တတ်သားပဲ"

သူပြောပုံက သရော်တော်တော်နှင့်မို့ အနေရ အထိုင်ရ ကျပ်သလိုလို။

"ကဲ. . . ဟယ်လင် ပြောတာ ဟုတ်တယ် မဟုတ်လား။ အစ်ကိုကြီးကို ဟယ်လင် မြင်ဖူးတယ် မဟုတ်လား ဟင်"

ဧည့်သည် ကလေးမ ဇွတ်တရွတ် စွပ်စွပ်စွဲစွဲ လုပ်နေမှုကြောင့် သူသည် စိတ်မသက်မသာနှင့် ရုတ်တရက် ထလိုက်သည်။ ကိုက်ခဲနေသူကဲ့သို့ ပေါင်နှစ်ဖက်ကို ပွတ်နေသည်။ ထော့နင်း ထော့နင်းနှင့် မြင့်မား ရှည်လျား လှသည့် ပြတင်းပေါက်များဆီသို့ လျှောက်သွားပြီး ပယင်းရောင် ကတ္တီပါ ခန်းဆီးကို ဆွဲဖွင့်လိုက်သည်။ ပြတင်းပေါက် မှန်များပေါ်တွင် နှင်းခဲတွေက အဆုပ်လိုက် အဆုပ်လိုက်။ အပြင်ဘက်တွင် ညက ပကတိ မှောင်နှင့်မည်းမည်း။ တဖွဲဖွဲကျနေသည့်နှင်းသီး နှင်းပေါက်တို့၏ အသံမှလွဲ၍ ဘာဆိုဘာမျှ မကြားရ။ ပို၍ ဝေးသော နေရာ၊ အထီးကျန်နိုင်လှသော နေရာပါကလား။ အစကတည်းက သူနှင့် လိုက်မလာဘဲ ကားပြင်ပေးဖို့ ပြောရလျှင် အကောင်းသား။ စိတ်ထဲ စနိုးစနောင့် ဖြစ်လာပြန်သည်။ သို့သော် သံသယတွေကို ခေါင်းထဲက ဇွတ်ဖယ်ထုတ်ပစ်ရသည်။ တဖက်သားက စေတနာသန့်သန့်နှင့် လိုလေသေးမရှိ အကူအညီ ပေးနေတာကို မသိုးမသန့် ဖြစ်နေတာဟာ မကောင်းပါဘူး။ ငါ သက်သက် အတွေးခေါင်နေတာ။ သူ့ကို ဘယ်လောက်ကျေးဇူးတင်ဖို့ ကောင်းလဲ။ အသက်သခင်လို့တောင် ပြောလို့ရတယ်။

"ဦးကြီး ပြန်လာခါနီးပါပြီ။ မင်း အိပ်ဖို့ သူ စီစဉ်ပေးလိမ့်မယ်။ ည ၈ နာရီမှာ ကျုပ် ညစာ စားတယ်၊ အတူတူစားကြတာပေါ့ ဟုတ်လား"

အောင့်သက်သက်နှင့် မခံချိမခံသာ ဖြစ်ရပြန်သည်။ ခုထက်ထိ သူ ဘယ်သူဘယ်ဝါ ဆိုတာ အသိမပေး။ မေးတာကို မပြောသေး။ ကုလားထိုင်ပေါ်တွင် နေရာ ပြင်လိုက်လျှင်ပင် ရှိဘား၏ ဦးခေါင်းသည် သူ့ဘက်သို့ ဆတ်ခနဲ လှည့်လာသည်။ မျက်လုံးများက တချက်မျှ အလစ် မပေး။ တောတိရစ္ဆာန်ကို အဖော်ပြု၍ လူသူမနီး အထီးကျန်ဘဝကို စိတ်ကြိုက်တည်ဆောက်နေသည့် ကိုထော့ကျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ကား မည်သို့သော လူစားမျိုးပါနည်း။

စိတ် နောက်ကျ ကျဉ်းကျပ်လှပါကလား။ အိပ်မက်ဆိုးတခုကို မြင်မက်နေရသလိုပါပဲ။ နှင်းတောထဲမှာ နစ်မြုပ်လို့သေသေ၊ လိုက်မလာဘဲ နေခဲ့ရင်အကောင်းသား။ ကယောင်ချောက်ချားနှင့် ဖြုန်းခနဲ ထမည် ပြုလိုက်မိသည်။ တပြိုင်တည်းတွင် ရှီဘား၏ ဟိန်းသံက ထွက်လာသည်။

သည်တော့လည်း သူက စိုးရိမ်တကြီး ပြေးလာရှာသား။ ရှီဘားကိုလှမ်းပြီး မာန်မဲလိုက်သည်။ တုန်လှုပ် ချောက်ချားနေသော ဟယ်လင့် မျက်နှာကို ကြည့်၍-

"ဘာဖြစ်လို့လဲ ဟယ်လင်။ ဟင်. . . ဘာဖြစ်လို့လဲ"

စိုးရိမ်တကြီး မေးလာသည်။ အသံက သံပြတ်ဖြစ်သော်လည်း ကတ္တီပါလို သိမ်မွေ့နူးညံ့လှသည်။

"ဘာမှ၊ ဘာမှ မဖြစ်ပါဘူး အစ်ကိုကြီး။ ဘာမှ မဖြစ်ပါဘူး"

ကြောက်ကြောက်လန့်လန့်နှင့် အခန်းပတ်ပတ်လည်ကို ကျီးကန်းတောင်းမှောက် ကြည့်ရင်း ပြန်ပြောလိုက်မိသည်။ အခန်းက ကျက်သရေ ရှိလှသည်။ နေချင့်စဖွယ် တင့်တယ်ခန့်ညားသည်။ အထားအသို အဆင်ပြေသည်။ သို့သော် ယောကျ်ားသားတို့၏ မွမ်းမံပြင်ဆင်မှုသာဖြစ်ကြောင်းကတော့ သိသာသည်။

မှန်ကူကွက်ဖော် နံရံပေါ်တွင် တိရစ္ဆာန်ဦးချိုများ၊ သားရေချပ်များ၊ အမဲလိုက် ဓားများနှင့် သေနတ်များအပြင် အဖိုးတန် ဆီဆေး ပန်းချီကားချပ်များလည်း ချိတ်ဆွဲထားသည်။

ခြုံ၍ ကြည့်လျှင် အခန်းမှာ တိတ်ဆိတ် ငြိမ်သက်စွာ ခမ်းနား ထည်ဝါလှသည်။ ဘယ်သူဘယ်ဝါ ဆိုတာ မသိရသေးသော်လည်း လူချမ်းသာတဦးဖြစ်တာတော့ သေချာသည်။ သို့သော် အရည်အဝါသီ တောမှိ ရသေ့ ရဟန်းတပါးကေစာ ကျင့်သကဲ့သို့ ဘဝကို ယခုလို ငြိမ်းငွေ့ဖွယ် တည်ဆောက်နေသည်ကတော့ စဉ်းစားစရာ ကောင်းလှသည်။

ပန်းချီဆရာ တယောက်များလား။ ဒါမှမဟုတ် ပန်းပုဆရာလား။ ဘယ်လို အနုပညာရှင်မျိုးများလဲ။ သာမန်လူကတော့ သည်လို နေနိုင်ဖို့ မလွယ်။ ဗီရိုနောက်က နံရံပေါ်မှ မှန်ဘောင်သွင်း ဓာတ်ပုံတခုကို လှမ်းကြည့်လိုက်မိသည်။

ဓာတ်ပုံချိတ်ထားသည့် နံရံတွင် အလင်းရောင်က သိပ်မရှိလှ။ ထို

mgyoe.com

mgyoe.com

ကြောင့် သဲသဲကွဲကွဲ အသေးစိတ် လှမ်းမမြင်နိုင်။ သို့သော် ကားချင်း တိုက်မိပြီး ပြင်းပြင်းထန်ထန် ကြေမွ လွင့်စဉ်နေသည့်ပုံ ဖြစ်မှန်းတော့ သိသာသည်။ လူတွေ၊ စက်ကိရိယာတွေ လမ်းဘေးသို့ လွင့်စဉ်နေပြီး အပိုင်းအစတွေမှာ ဖုန်တောထဲတွင် ပျံ့ဝဲနေသည်။

ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြင်းထန်ပြီး ရစရာ မရှိအောင် ပျက်စီးသည့် ကားတိုက်မှုမျိုး ဖြစ်ပုံရသည်။

အံ့သြခြင်း၊ ထိတ်လန့်ခြင်း အပြည့်ဖြင့် မျက်လုံးများ ဓာတ်ပုံမှလွှဲ၍ အခန်းတနေရာတွင် အတောင့်သား ရပ်နေသည့် သူ့ထံသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ သူက အညိုရောင် မျက်လုံးများဖြင့် အေးစက် မာကျောစွာ ပြန်ကြည့်နေသည်။

ဟုတ်ပြီ။ မှတ်မိပြီ။ လွန်ခဲ့တဲ့ ၆ နှစ်လောက်က ဂျာမနီပြည်၊ ဆွဲရင်ဘတ် ပြိုင်ကားပြိုင်ပွဲမှာ ဖြစ်ပွားခဲ့တဲ့ ဧရာမ ကားတိုက်မှုကြီး. . . ။

"သိပြီ၊ ဟယ်လင် အစ်ကိုကြီးကို မှတ်မိပြီ"

အံ့သြလွန်း၍ ယောင်ယမ်းပြီး ထရပ်လိုက်မိသည်။

"အစ်ကိုကြီးဟာ ပြိုင်ကားမောင်းသမား ဒိုမင်လိုင်း မဟုတ်လား"

သူသည် ဆောက်တည်ရာမရ ဖြစ်သွားပုံ ရသည်။ နီးရာ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ဒိုမင်လိုင်း ဆိုတာ မှန်တယ်။ ဒါပေမဲ့ ပြိုင်ကားမောင်းသမားတော့ မဟုတ်တော့ဘူး"

သူက စိတ်ပျက်လက်ပျက်နှင့် ဝန်ခံသည်။

ဟယ်လင်က သူ့ကို စိန်းစိန်းကြည့်ပြီး -

"ဒါထက် နေပါဦး အစ်ကိုကြီး။ ဖေဖေ ပြောပြောနေတာ ဟယ်လင် မှတ်မိနေတယ်။ ဖေဖေက အစ်ကိုကြီးကို သူ အကြိုက်ဆုံး ပြိုင်ကားသမားတဲ့"

"မတိုက်ခင်တုန်းကပေါ့ကွာ၊ ဟုတ်လား"

သူ ပြောပုံက နာကြည်း ခါးသီးစွာဖြင့်။

"ဒါပေမဲ့ ဖေဖေတို့ ထင်နေတာက. . . ဟို. . . "

မျက်ခုံးရှုံ့ပြီး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်နေသည်။ စကားလုံးကို ရွေးပြီးမှ ဆက်ပြောရသည်။

"အားလုံးက အစ်ကိုကြီး ပျောက်သွားတယ် ပြောနေကြတယ်။ ဖေဖေ

mgyoe.com

mgyoe.com SAMPLE BOOK

ကတော့. . . ဖေဖေ မကပါဘူးလေ. . . လူတော်တော်များများကတော့"

"ကျုပ် သေပြီလို့ ပေါ့လေ၊ ဟုတ်စ"

ဟု ခံပြင်းစွာဖြင့် ဖြတ်ပြောသည်။

"သိတယ်၊ ကျုပ် ကြားတယ်။ ကျုပ် ရခဲ့တဲ့ ဒဏ်ရာတွေကလည်း သေကောင်ပေါင်းလဲ ဒဏ်ရာတွေမို့ ကျုပ် သေပြီလို့ဖြစ်တဲ့ သတင်းကို ယုံယုံကြည်ကြည် လက်ခံကြတယ် ဆိုတာ ကြားပါတယ်။ ကျုပ်အကြောင်းက ဘာမှ စိတ်ဝင်စားစရာ မရှိပါဘူးလေ။ ကျန်တာတွေ ဆက်ပြီး ရင်မဆိုင်ချင်လို့ ဘဝဇာတ်ခုံပေါ်က ဆင်းပြေးလာတဲ့ ကမ္ဘာကျော်ကြီးပေါ့"

"ဒီလိုလည်း မဟုတ်ဘူး ထင်ပါတယ်လေ။ ဒီယာဉ်တိုက်မှုကြီးက ဘယ်သူ့ကြောင့်ဖြစ်တယ် ဆိုတာ ပြောလို့မှ မရတာ။ သတင်းစာတွေကသာ. . ."

"ကျုပ်ကကော ကျုပ်ကြောင့် ဖြစ်ရတာလို့ ပြောလို့လား"

သူ ဖြတ်၍ မခံမရပ်နိုင်သော အမူအရာဖြင့် ပြောသည်။

"မဟုတ်ပါဘူး အစ်ကိုကြီး။ ဟယ်လင် ပြောတာက ဒီလိုပါ။ ဖေဖေဟာ ပြိုင်ကား ဝါသနာအိုး တယောက်ပါ။ အစ်ကိုကြီးကို သူ သဘောအကျဆုံး၊ သူ့စာကြည့်ခန်းထဲမှာ အစ်ကိုကြီးရဲ့ဓာတ်ပုံ ခုထိ ထားတုန်း ရှိပါသေးတယ်။ ဖေဖေလို လူတွေလည်း ထောင်နဲ့သောင်းနဲ့ ချီပြီး ရှိနေသေးတယ်။ ကိုယ့်ကို အားပေး ချီးမြှောက်ခဲ့တဲ့ ပရိသတ်ကို သေပြီဆိုပြီး ညာထားတာတော့ မကောင်းပါဘူး အစ်ကိုကြီးရယ်"

ဒိုမင်လိုင်းသည် မတ်တတ်ရပ်ပြီး သူ၏ တင်ပါးဆုံကို လက်ဖြင့် ဆုပ်နယ်နေသည်။

"တချိန်တုန်းက ပရိသတ်က မြှောက်စားခံခဲ့ရဖူးတာနဲ့ တသက်လုံး ဆိတ်ကွယ်ရာမှာ လွတ်လွတ်လပ်လပ် နေနိုင်ခွင့် ကျုပ်မှာ မရှိတော့ဘူးလား မဟယ်လင်"

ဟယ်လင် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

"ဒါတော့ ဟယ်လင်က တခုခုကို အဆုံးအဖြတ် ပေးနေတာမှ မဟုတ်ဘဲ။ ဟယ်လင် ဆိုလိုတာက အစ်ကိုကြီးရဲ့ အတတ်ပညာပိုင်းကို နောက်ပေါက် ဝါသနာအိုးတွေကို ဖြန့်ဖြူးပေးသင့်တဲ့အကြောင်း. . ."

"ကဲ တော်လောက်ပါပြီ"

သူက ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောရင်း ခေါင်းကုတ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ဘာမှ နားမလည်ပါဘူးကွာ"

ဟယ်လင်က ဆတ်ခနဲ ခေါင်းမော့လိုက်သည်။

"အစ်ကိုကြီးက ဟယ်လင့်ကို သိပ်ဖော့တွက်တာကိုး"

သူက သရော်တော်တော်နှင့် မဲ့ပြုံး ပြုံးသည်။

"ထားပါလေ၊ ဘာပဲ ဖြစ်ဖြစ်ပါ"

သူက သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

"မင်းအရွယ်ဟာ ခေတ်ပေါ်တေးတွေ၊ အရုပ်လှလှကလေးတွေ လောက်ကိုသာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ မင်း မှတ်ဉာဏ်က သိပ်ကောင်းလွန်းပြီး ကျုပ်ကို မှတ်မိနေတဲ့အတွက် အင်း. . . အတော်ခွကျသွားပြီ. . ."

"ဟင်လင် ပြောပြီးပြီပဲ၊ ဖေဖေက ပြိုင်ကားပွဲကို အမြဲကြည့်ပါတယ်လို့။ တခါတလေ ဟယ်လင် လိုက်လိုက်သွားတာပဲဟာ"

သူက စဉ်းစဉ်းစားစားနှင့် စကားလုံး ရွေးပြီးမှ -

"ဩော်. . . ဟုတ်သားပဲ။ မင်းအဖေ. . . မင်းအဖေက လူချမ်းသာပဲ"

"ဘာဆိုလိုတာလဲ ဟင်"

သူ့စကားလုံးတွေကြောင့် အောင့်သက်သက် ဖြစ်ရသည်။

ဒိုမင်လိုင်းက တခုခုကို ဆုံးဖြတ်လိုက်သလို ကျစ်လျစ် သန်မာသည့် သူ့ပခုံးနှစ်ဖက်ကို လှုပ်လိုက်သည်။ ပြီးတော့ ဟယ်လင့်ကို မျက်တောင် မခတ် စိုက်ကြည့်နေသည်။

"အင်း. . . မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မယ် ထင်တယ်"

"ဘာကိုလဲ ဟင်၊ ဘာများလဲ အစ်ကိုကြီး"

"ဘာကြောင့်များ မင်း ကျုပ်ကို မှတ်မိနေရတာလဲ ဟယ်လင်ရယ်။ တိုက်တိုက်ဆိုင်ဆိုင် ကြုံမှ ကြုံရပလေတယ်။ အဲဒီတိုက်ဆိုင်မှုဟာ တို့နှစ်ယောက်လုံးအတွက် မကောင်းတဲ့ တိုက်ဆိုင်မှုပဲ။ ဘာလို့လဲ သိလား၊ မင်းကို ကျုပ် ပြန်လွှတ်လို့ မဖြစ်တော့ဘူး"

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

တခန်းလုံး တိတ်ဆိတ်သွားသည်။ အံ့သြလွန်းသဖြင့် ဟယ်လင် သူ့နားကိုပင် သူ မယုံနိုင်အောင် ဖြစ်သွားသည်။ သို့သော် မယုံကြည်၍ မရ။ အေးစက် ခက်ထန်သော မျက်နှာထားဖြင့် သူနှင့် မလှမ်းမကမ်းမှ ရပ်၍ ပြော လိုက်သည် မဟုတ်လား။

"အို. . . မဟုတ်နိုင်တာ၊ အစ်ကိုကြီး ဟယ်လင့်ကို စနေတာလား ဟင်"

"ကျုပ် တကယ် ပြောနေတာ မိန်းကလေး"

"ရှင်. . . ဘာဖြစ်လို့၊ ဘာဖြစ်လို့လဲဟင်"

"ရှင်းပါတယ်ကွ။ ကျုပ်က သေပြီဆိုပြီး ဒီမှာ ဇာတ်မြုပ်နေတဲ့ လူ။ မင်းက ကျုပ်ကို သိနေတော့ ကျုပ်ရဲ့အတိတ်ကို တူးဖော်မယ့် မိန်းကလေး"

ဟယ်လင်က ရင်ထဲမှ စိုးရွံ့ထိတ်လန့်မှုကို ဘေးဖယ်ထားပြီး -

"အို. . . ဒါက ဟယ်လင် ဘယ်သူ့မှ ပြန်မပြောရင် ပြီးတာပဲ မဟုတ် လား"

သူက အကြိမ်ကြိမ် ကြည့်ဖူးသည့် ရုပ်ရှင်ထဲ၊ တယ်လီဗီးရှင်း ဇာတ် လမ်းထဲမှ မင်းသမီးက တရားရုံးတွင် လျှောက်လဲချက်ပေးသည့် အမူအရာနှင့် အယူခံဝင်သည်။ သို့သော် ဒိုမင်လိုင်း ဆိုသူက ပိတ်ကားပေါ်မှ ဇာတ်ကောင်

mgyoe.com

mgyoe.com
SAMPLE BOOK

တကောင် မဟုတ်။

"မလွယ်ပါဘူး ကလေးမရယ်၊ ကျုပ်ဘက်က ကြည့်ရင် ဘာအာမခံချက်မှ မရှိတာဘဲ"

သူက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

"ကျုပ် ထင်ပါတယ်၊ မင်းကို ပြန်လွှတ်လိုက်ရင် မင်းအဖေက သေပြီ ထင်နေတဲ့ လူတယောက် မသေသေးဘဲ သက်ရှိထင်ရှား ရှိနေတယ် ဆိုတဲ့ ဖြစ်ကြောင်းကုန်စင်ကို မင်း ပြန်မပြောဘဲ နေနိုင်မှာ မဟုတ်ပါဘူး"

ဟယ်လင်က သူ့လက်ချောင်းကလေးများကို လိမ်ချိုးနေရင်း -

"မပြောပါဘူး အစ်ကိုကြီးရယ်၊ တကယ် မပြောပါဘူး"ဟု သနားစဖွယ် ပြောနေမိသည်။

"ပြီးတော့ ဟယ်လင့်ကို အစ်ကိုကြီး ဒီက ပြန်မလွှတ်ဘဲထားရင် တရားဥပဒေအရ ဘယ်အစွန်းလွတ်ပါ့မလဲ"

သူက ခြောက်သွေ့ ညှိုးမှိန်လှသည့် အပြုံးဖြင့် -

"ဩ ဟုတ်လား"

ဟယ်လင်က ဆက်၍ -

"ပြီးတော့ အစ်ကိုကြီး စဉ်းစားကြည့်လေ၊ လုံးဝ အဓိပ္ပာယ်မှ မရှိတာ။ ဖေဖေက ဟယ်လင့်ကို လိုက်မရှာဘဲ နေမှာတဲ့လား"

"မင်းအဖေ ဒီနယ်ဘက်ကို ဘယ်တော့မှ လိုက်ရှာမှာ မဟုတ်ဘူးလို့ မင်းပဲ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ဘယ်မှာမှ ရှာမတွေ့ရင် ဒီဘက်ကို လိုက်လာမှာပေါ့"

"အေး အေး. . . ဘာမှ မပူနဲ့။ အဲဒီအခါ ကျတော့လည်း မင်းကို လွတ်လွတ်လပ်လပ် ပြန်ခွင့်ပေးလိုက်မှာပါ"

ဟယ်လင့် အသားတွေ တဆတ်ဆတ် တုန်နေပြီ။

"ဘာ. . . ဘာဆိုလိုတာလဲ ဟင်"

"ဒီလိုပါ ဒီလိုပါ။ ကျုပ်က နိုင်ငံခြား သွားဖို့ စီစဉ်နေတာပါ။ အဲ မသွားခင်တော့ မင်း ဒီမှာပဲ နေဦးပေါ့၊ ဟုတ်လား"

ဟယ်လင့်ခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟင်. . . ဒါဆို လနဲ့ချီပြီး ကြာဦးမှာပေါ့ ဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း၊ ဒါလောက် မကြာပါဘူး။ တပတ် နှစ်ပတ် အလွန်ဆုံးပေါ့"

ထိုအခိုက်တွင် ဖြုန်းဆို တံခါး ပွင့်လာသည်။

ဟယ်လင်က အထိတ်တလန့် လှမ်းကြည့်လိုက်သည်။ ဧရာမ ပခုံးကျယ်ကြီးများပေါ်တွင် နှင်းတွေ အဖွေးသားဖြင့် ဦးကြီး ပြန်ရောက်လာသည်။

"ဟော ဦးကြီး ပြန်ရောက်လာပြီ"

အိမ်စေ ဦးကြီးကို သခင် ဒိုမင်လိုင်းက အရေးတယူ ဆီးကြို နှုတ်ဆက်သည်။ ဟယ်လင့်ကို ဤမျှ အရေးတယူ တခါမျှ မဆက်ဆံခဲ့ဖူးသေး။

"ဦးကြီး သူ့ကားကို တွေ့ခဲ့တယ်နော်"

ဦးကြီးက သွားတွေ ပေါ်အောင် ပြုံးလိုက်ပြီး -

"ဟုတ်ကဲ့ပါ ဆရာ၊ သေတ္တာလည်း ပါလာပါပြီ၊ ကျွန်တော် အင်္ကျီလဲပြီးရင် ဒီက မလေးကို အခန်းလိုက်ပြလိုက်ပါ့မယ်"

သူက ခေါင်းညိတ်လိုက်ပြီး -

"ကောင်းပြီ ဦးကြီး။ ဪ . . . ဒါထက် ဦးကြီးကို ပြောထားရဦးမယ်။ ကျွန်တော်တို့ ဧည့်သည် မိန်းကလေးရဲ့ နာမည်က မစ္စဟယ်လင်ဂျိမ်း တဲ့။ သူ ဒီမှာ တော်တော်ကြာကြာလေး နေဖြစ်လိမ့်မယ် ထင်တယ်"

ဦးကြီး၏ မျက်နှာပေါ်တွင် အံ့သြသည့် အရိပ်အယောင် မသိမသာ ကလေးသာ သန်းသွားသည်။

"ဟုတ်ကဲ့ ဆရာ"

ဟု ပြောပြောဆိုဆို ဟယ်လင့်အား သော့တွဲ လှမ်းပေးလာသည်။

"ပေး ပေး၊ ကျွန်တော့်ကို ပေး"

ဟု သူက သော့တွဲကို ကြားဖြတ်ယူလိုက်သည်။

"ပြီးတော့မှ ဦးကြီးကို အခြေအနေ ရှင်းပြမယ်၊ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျ"

ဦးကြီး၏ မျက်နှာတွင် ကျေနပ်နှစ်သိမ့်ခြင်းတို့ အထင်းသား ပေါ်နေသည်။

သူ့ရှေ့မှ ယောကျ်ားကြီးနှစ်ယောက်ကို ကြည့်၍ ဟယ်လင်သည် မျက်ရည်ကို မနည်းကြီး ထိန်းထားရသည်။

ငါ့ကို ကျီစားနေတာများလား။ သူ နိုင်ငံခြား မသွားမချင်း ဒီမှာ အကျဉ်းသားဘဝနဲ့ နေရမယ်တဲ့။ ဘယ်ရမလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"အို. . . မသိဘူး မသိဘူး။ ဘယ်အခန်းမှလည်း လိုက်ပြဖို့ မလိုဘူး။ ရှင်တို့ ကျွန်မကို ဒီမှာ လှောင်ထားလို့ မရဘူး၊ သိလား"

ဒေါသအမျက် ခြောင်းခြောင်းထွက်လာပြီ ဖြစ်၍ တအား အော်ပြောလိုက်သည်။ သူက နှုတ်ခမ်းကို မဲ့လိုက်သည်။ မနှစ်မြို့သည့် မျက်နှာဖြင့်-

"ကျုပ် အစီအစဉ်ကို မလိုက်နာဘဲ မင်းက တခြား ဘာလုပ်နိုင်လို့လဲ၊ ပြောပါဦး"

"အို. . . ထွက်ပြေးမှာပေါ့"

"ထပ်ပြီး ထွက်ပြေးဦးမယ် ဟုတ်လား"

"ဟုတ်တယ်၊ အနီးဆုံး ယာတောတခုခုကို ပြေးမယ်၊ ရွာတွေ့ရင်လည်း တွေ့မယ်၊ ပြီးတော့ ဖုန်းဆက်ပြီး အကူအညီ တောင်းမယ်"

"ဒီ အနီးအနားမှာ ဘယ်က လာပြီး ဖုန်းရှိရမှာလဲ ကလေးမရယ်"

"အို. . . ရွာရှိရင် ဖုန်းရှိရမှာပေါ့"

"ထားပါတော့၊ အမိက ရွာကိုသွားတဲ့ လမ်းကိုကော သိလို့လား"

"သိသိ မသိသိ၊ ပါးစပ်ပါ ရွာရောက်လိမ့်မယ်"

ဟယ်လင်က ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သည်။

"ဒီလို နှင်းမုန်တိုင်းထဲမှာ မင်းမှာ ပါးစပ် မကလို့၊ အသံချဲ့စက်ပဲ ပါပါ အလကားပဲ၊ နားလည်လား"

ဟယ်လင် ငိုချင်လာပြီ။ အသက်ရှူ မမှန်ချင်တော့။

"ရှင် ရှင် အရူး။ ရူးနေတဲ့ လူ။ မနေချင်ဘူး။ ဒီမှာ ကျွန်မ လုံးဝ မနေနိုင်ဘူး။ မြကန်သာကို အရောက်သွားမယ်။ ကျွန်မ သွားပါရစေ။ ရှင့်အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူး ဆိုနေမှပဲ"

"မဖြစ်နိုင်ပါဘူး ကလေးမရယ်၊ မဖြစ်နိုင်တော့ပါဘူး"

သူက ဦးကြီးဘက်သို့ လှည့်ပြီး -

"မနက်စောစော ကားဆီကို သွားရမယ်။ ကားထဲကို နှင်းတွေ ပျော်မဝင်ခင် နေရာရွှေ့မှ ဖြစ်မယ် ဦးကြီး"

"ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော် အစောကြီး သွားလိုက်ပါ့မယ်"

ဟု ဦးကြီးက ဦးညွှတ်၍ ပြန်ပြောသည်။

ခုမှပင် ဟယ်လင်မှာ ခိုကိုးရာ အားထားရာ မရှိဖြစ်ပြီး တွယ်ရာမဲ့ ဘဝသို့ ရောက်နေကြောင်း သဘောပေါက်တော့သည်။ သည်အကျပ်အတည်း

mgyoe.com

mgyoe.com SAMPLE BOOK

မှ လွတ်လမ်းရယ် ဘယ်မမြင်နိုင်တော့ပါတကား။ သူ့ကိုယ်သူလည်း ပြစ်တင်ရှုတ်ချနေမိသည်။ ဘာပြုလို့များ ဒီပါးစပ်က ဖေဖေ့ အကြောင်းတွေ၊ သူ့ကို မှတ်မိတဲ့ အကြောင်းတွေ သွားပြောမိပါလိမ့်။

အသားတွေ ဆတ်ဆတ်တုန်လျက်က အော်ပြောလိုက်သည်။

"ထွက်ပြေးမှာပဲ။ ဖြစ်တဲ့နည်းနဲ့ ထွက်ပြေးမယ်။ ရှင် ဘာတတ်နိုင်မလဲ"

"ကျုပ်ကတော့ မင်းကို ဇွတ် မလုပ်စေချင်ဘူး"

အတော်ကြာကြာ ရပ်နေရသည့်အတွက် သူသည် ခြေကုန်လက်ပန်းကျနေကြောင်း ဟယ်လင် ဖျတ်ခနဲ သဘောပေါက်လိုက်သည်။

သည့်အတွက် ဟယ်လင်က ဝမ်းသာဖို့ကောင်းသည်။ သူက သူ့ကိုယ်သူ ဒုက္ခိတတယောက် မဟုတ်ကြောင်း တမင်ဂရုစိုက်နေသူ မဟုတ် လား။ ယခုတော့ ပြောင်းပြန်။ ဘာကြောင့်မှန်း မသိ။ ဟယ်လင် သူ့ကို သနားသလိုလို ဖြစ်နေမိသည်။ ရင်ထဲတွင် ကရုဏာလှိုင်းများ ပုတ်ခတ် နေသည်။ ဘာကြောင့်များ လူထဲ သူထဲ မနေနိုင်ဘဲ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတဲ့ ဒီဘဝမျိုးမှာ အထီး ကျန်လာနေရပါလိမ့်။

ငယ်ကျွန်ကြီး ဖြစ်ဟန်ရှိသူ ဦးကြီးက သခင်၏ အရိပ်အကဲကို ကောင်း ကောင်း နားလည်လိုက်သလို -

"ဆေးလိမ်းဖို့ အချိန်ကျပြီ ဆရာ။ မလေးကို သူ့အခန်း လိုက်ပို့ ပြီးရင် ကျွန်တော် ပြန်ဆင်းလာခဲ့ပါမယ်"

သူ့မျက်နှာပေါ်တွင် သူ့ကိုယ်သူ စိတ်ပျက်သည့် အမူအရာများ မသိ မသာ ပေါ်လာသည်။ ဟယ်လင့်ကို တချက်လှမ်းကြည့်ပြီး-

"အင်း. . . ကျုပ်လည်း ဆီအမြဲထည့်နေရတဲ့ စက်အိုကြီး တလုံးလို ပါပဲလား၊ ဟုတ်တယ် မဟုတ်လား ဦးကြီး"

ရုတ်ခနဲ နှုတ်က ထွက်သွားသည်။

"အစ်ကိုကြီးက ဘယ်လောက်များ ကြီးသေးလို့လဲ"

"မင်းထက်တော့ အများကြီး ကြီးတာပေါ့ကွာ"

ဟု စိတ်ပျက်လက်ပျက် လေသံနှင့် ပြောရင်း ပြင်းပြင်းထန်ထန် ဝေဒနာ ခံစားနေရသလို ရှုံ့မဲ့ပြီး -

"ကဲ. . . ကျုပ်သွားလိုက်ဦးမယ်၊ မင်းလည်း နားလိုက်ပါဦး"

တင်ပါးဆုံတဖက်က နိမ့်ပြီး ခါးကို တဖက်စောင်းကာ ဒယီးဒယိုင်

mgyoe.com

mgyoe.com
SAMPLE BOOK

နှင့် အခန်းထဲမှ ထွက်သွားသည်။

ဦးကြီးက သူ့ဆရာကို ကြည်ညိုသော၊ ကြင်နာသော မျက်လုံးများဖြင့် နောက်ပိုင်းမှ ငေးကြည့်နေသည်။ ဟယ်လင်သည်ပင် သူ့ကို ကြည့်ပြီး မဆီမဆိုင် စိတ်မကောင်း ဖြစ်နေမိသည်။ ရှီဘားက သခင့်နောက်မှ တလှမ်းချင်း လိုက်သွားသည်။

"ခဏလေးနော် မလေး"

ဦးကြီးက သူ့နှင်းကာ အင်္ကျီကြီးကို ကြယ်သီးဖြုတ်ပြီး ချွတ်နေသည်။ ပြီးတော့မှ -

"ကဲ. . . လာ၊ ဦးကြီးနဲ့ လိုက်ခဲ့"

မလိုက်ဘူး။ သူတို့အိမ်မှာ မနေဘူး။ သံ့ပန်းဘဝနဲ့တော့ နေ့ကို မနေဘူး။ ဤသို့ ဆန့်ကျင် ကန့်ကွက်ချင်သည်။ ငြင်းဆန်ချင်သည်။ ဆန္ဒပြဖို့လည်း လိုအပ်သည်။ လွတ်လမ်းကို ဖြစ်သည့်နည်းနှင့် ရှာရမည်။ သို့သော် တခုမှ မလုပ်ဖြစ်လိုက်။

ပြောပြောဆိုဆို သားရေသေတ္တာကို ကောက်ယူပြီး အပေါ်ထပ်သို့ တက်သွားသော ဦးကြီးနောက်သို့သာ လိုက်မှန်းမသိ လိုက်သွားမိတော့သည်။ အပေါ်ထပ်သို့ တက်သည့် ဧရာမ ဝက်သစ်ချ လှေကားကြီးပေါ်တွင် ရွှေရောင် တဖိတ်ဖိတ် တောက်နေသော မွေးရှည် ကော်ဇောကြီး ခင်းထားသည်။ ခြေလှမ်းလိုက်တိုင်း အိဝင်သွားသည်။

လှေကားအောက်တွင်လည်း မှန်ကူကွက်တွေ ဖော်ထားသည်။ လှေကားတဆစ်ချိုးကွေ့ တစ်နေရာတွင် အိမ်၏ နောက်ပိုင်းသို့ စီး၍ မြင်နိုင်သော ပြတင်းပေါက် အဝိုင်းကြီးတခု ရှိသည်။ သို့သော် နှင်းလွှာရှုံက လွှမ်းခြုံထားဆဲမို့ ဘာဆိုဘာမှ မမြင်စွမ်းနိုင်။

လှေကားထိပ်တွင် ဝဲယာနှစ်ဖက်လုံးသို့ သွားနိုင်သည့် စင်္ကြံလမ်းရှိသည်။ စင်္ကြံဝရန်တာမှ အောက်ထပ် ခန်းမဆောင်သို့ ကြည့်မြင်နိုင်သည့် အိမ်ကြီးမျိုး ဖြစ်သည်။ တွဲလဲဆွဲထားသည့် ဖန်မီးဆိုင်းကြီးများကိုတော့ ဟယ်လင်က ကျိတ်၍ သဘောကျနေသည်။ အဆောင်ဆောင်အခန်းခန်းကို ဖြတ်ကျော်ပြီးမှ နေရမည့် အခန်းသို့ ရောက်သည်။ ဦးကြီးက တံခါးဖွင့်၊ အခန်းမီးတွေကို ဖွင့်ပြီးမှ ဟယ်လင်ကို ရှေ့မှ ဝင်စေသည်။

နူးညံ့သည့် အစိမ်းရောင် ကော်ဇောကို ခန်းလုံးပြည့် ခင်းထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နို့နှစ်ရောင် အိပ်ရာခင်းနှင့် လိုက်ဖက် ပြေပြစ်လှသည်။ မှန်ပြတင်းတွေကို ပိုးခန်းဆီး အရှည်ကြီးတွေနှင့် ဆွဲပိတ်ထားသည်။

ပရိဘောဂတွေရော၊ ခုတင်နှင့် သုံးဖက်မြင် အလှပြင်မှန်တင်ခုံရော အားလုံး မဟော်ဂနီရောင်။ ဘာမှ လိုလေသေး မရှိအောင် ပြည့်စုံလှသည်။ မျက်နှာကြက်က အမြင့်ကြီးရယ်။ လူမနီး သူမနီး ရောက်နေသည်ကိုပင် မေ့နေလောက်သည့် အခန်းမျိုး။ အနွေးဓာတ် လွှတ်ပေးထားသဖြင့် ထွေးထွေးနွေးနွေးနှင့် နှလုံးမွေ့ရှင် နေချင်စဖွယ်အတိ ဖြစ်နေသည်။

ဦးကြီးက သားရေသေတ္တာကို နေရာချပြီး အဝတ်ဗီရို နံဘေးမှ တံခါးပေါက်ကို ညွှန်ပြသည်။

"အဲဒါ ရေချိုးခန်းပဲ မလေး"

ပြီးတော့ အခန်းပတ်ပတ်လည်ကို ဝေ့ကြည့်လိုက်သည်။ အားလုံးနေသားတကျ ရှိကြောင်း ကျေနပ်မှ -

"ရေနွေးအိတ်တွေလည်း ဖြည့်ပြီး အိပ်ရာထဲမှာ ထားပေးထားပါတယ် မလေး၊ နောက် လိုရင်လည်း ပေးပါ့မယ်"

"ကျေးဇူးပါပဲ ဦးကြီးရယ် . . ."

လွယ်လွယ်ကူကူ လက်ခံ၏။ အရေးတယူ ကျေးဇူးစကား ဆိုမိ၏။ ကိုယ့်ကိုယ်ကိုယ်ပင် နားမလည်ချင်တော့။

ဦးကြီး တံခါးပေါက်ဝသို့ ရောက်မည်အပြုတွင် ဟယ်လင်က . . .

"ဪ ဒါထက် ဦးကြီး"

"ဟုတ်ကဲ့ မလေး၊ ပြောပါ"

ဦးကြီးက ယဉ်ကျေး သိမ်မွေ့စွာ နားထောင်နေသည်။ သို့သော် သူ့ဆရာဆီသို့ သွားချင်နေပြီ ဖြစ်ကြောင်း ဟယ်လင် သိနေသည်။

"ဦးကြီး အခန်းကို သော့ပိတ်သွားမှာလားဟင်"

ဦးကြီး ပြုံးပြုံးကြီးနှင့် တံခါးကို ဆွဲပိတ်ပြီး ထွက်သွားသည်။ သည်တော့မှ တံခါးရွက်၏ အတွင်းဘက်တွင် သော့ကလေးကို ချိတ်လျက်သား မြင်လိုက်ရသည်။

သူတယောက်တည်း ကျန်တော့မှ ခန်းဆီးတွေကို ဆွဲပြီး အပြင်သို့ ချောင်းကြည့်လိုက်သည်။ အခန်းက အိမ်၏ နောက်ဘက်ခြမ်း ဖြစ်မည်။ နှင်းဖုံးနေသော အရိုးပြိုင်းပြိုင်းနှင့် သစ်ပင်များမှလွဲ၍ ဘာမှ သဲသဲကွဲကွဲ မမြင်ရ။

mgyoe.com

mgyoe.com SAMPLE BOOK

ခန်းဆီးတွေ ပြန်ဆွဲ ပိတ်လိုက်သည်။ ခုမှ အခန်းကို သေသေချာချာ ကြည့်ရသည်။

ဧည့်သည်ကို မနေချင် နေချင်အောင်၊ မပျော်ပျော်အောင် သူ့ထက် ငါ အပြိုင်အဆိုင် မွမ်းမံပြင်ဆင်နေကြသော ဟိုတယ်ခန်းများပင် ဦးကြီး၏ အပြင်အဆင်ကို မမီနိုင်။ အစွမ်းကုန် ခြယ်သပြုပြင်ထားသော အခန်းကိုကြည့်ပြီး စိတ်ထဲတွင် ထူးဆန်းသလိုလို ထင်လာသည်။

ဘယ်လောက် ကြာအောင် ဒီမှာ နေရဦးမှာလဲ မသိ။ ပြည်ပကို သွားဖို့ သူ့ကိစ္စတွေက ဘယ်လောက်ထိ ကြာဦးမှာလဲ။ ဒါကို စဉ်းစားမိရင်း စိတ်အိုက်လာသည်။ လက်ဖဝါးပြင်တွင် စို့လာသည့် ချွေးစေးတွေကို ဘောင်းဘီနံဘေးမှ ချုပ်ရိုးကြောင်းများနှင့် ပွတ်လိုက်သည်။

တယောက်တည်း ကျန်ခဲ့တော့မှ ကြောက်ရွံ့ ထိတ်လန့်ဖွယ် အခြေအနေကို ပြန်မြင်မိသည်။ စိတ်ကို ငြိမ်အောင် ထိန်းပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်သည်။

တကယ်မှ ဟုတ်ရဲ့လား။ သက်သက် ခြောက်လှန့်ကျီစားနေတာ များလား။ သူများ စိတ်ညစ်တာကို ကြည့်ပြီး ပျော်တတ်တဲ့ လူစားမျိုးလား။ ဒီလိုတော့လည်း ဟုတ်ဟန် မတူ။ သူဟာ တကယ့် ယဉ်ကျေးသိမ်မွေ့တဲ့ ပညာတတ် တယောက်၊ လူကုံထံ တယောက်ပဲ။ ဒါဖြင့် တစုံတယောက်ကို သူ အလိုမတူဘဲ သွေးအေးအေးနဲ့ ဘာလို့ အကျဉ်းချထားရတာလဲ။

ကားတိုက်မှု အဖြစ်ဆိုးကြီး၏ နောက်ပိုင်းတွင် သူ့ဘဝ ဘယ်လို အလှည့်အပြောင်းတွေ ဖြစ်ခဲ့လို့ပါလိမ့်။ သူ့ဘဝကို ပြောင်းလဲသွားအောင် ဘယ်လိုအကြောင်းအရာတွေများ ရှိခဲ့ပါလိမ့်။

လက်မှ နာရီကို ကြည့်လိုက်သည်။ ၆ နာရီပဲ ကျော်ပြီ။ ၈ နာရီမှာ ညစာစားမယ် ပြောတယ်။ စားချင်စိတ်လည်း လုံးဝ မရှိ။ ဘယ်လိုကုသခြင်းမျိုး၊ လေ့ကျင့်ခြင်းမျိုးကို ဦးကြီးက လုပ်ပေးနေပါလိမ့်။

မှန်တင်ခုံဆီသို့ လျှောက်သွားပြီး ကိုယ်လုံးပေါ် မှန်ကြီးထဲမှ မသေမသပ် ဖြစ်နေသော မိမိရုပ်သွင်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိသည်။ ဘောင်းဘီမှာ တွန့်ကြေ ပေညစ်လို့။ ဆံပင်တွေက ဖွာဆန်ကြလို့။ မျက်နှာတွေမှာ ခြစ်ရာတွေ၊ အစင်းကြောင်းတွေနှင့်။

တုန်ယင်သောလက်များဖြင့် နူးညံ့ပျော့ပျောင်းလှသည့် ပိတုန်းရောင်ကေသာကို အသာသပ်ကြည့်လိုက်သည်။

mgyoe.com SAMPLE BOOK

ရှေ့ဆက်ပြီး ဘာလုပ်ရပါ့မလဲ. . .။

ရေချိုးခန်းတံခါးကို ဖွင့်ပြီး ကြည့်သည်။ အိပ်ခန်းနှင့် တွဲထားသည် ဖြစ်၍ အခြားထွက်ပေါက် မရှိ။ ရေချိုးဖို့ ဆုံးဖြတ်လိုက်သည်။ ကြွေသားဖြင့် အတိပြီးသည့် ရေချိုးကန်မှာ ဖြူဖွေးသန့်ရှင်းလှသည်။ သံခြေထောက်များက မူ အနက်ရောင်။

ကျိုက်ကျိုက်ဆူနေသော ရေနွေးကန်မှ ရေပိုက်ခေါင်းကို ဖွင့်၍ ရေအေး နှင့် သမလိုက်သည်။ ကန်ထဲသို့ မဆင်းမီ ဆပ်ပြာမှုန့်ကို အသင့်အတင့် လောင်း ထည့်ပြီး အမြှုပ်တဖွေးဖွေး ထစေလိုက်သည်။ ရေကို တဝ စိမ်ချိုးပြီး ချိုးပြီးသား ရေကို ထုတ်ရန်အတွက် ပိုက်ခေါင်းကို ဖွင့်လိုက်သည်။ ရေချိုး မျက်နှာသုတ်ပဝါ ကြီးကို ခြုံပြီး အိပ်ခန်းထဲသို့ ပြန်လာသည်။ အဝတ်သစ်တွေ ထုတ်ဝတ်မည်ပေါ့။

သည်တော့မှ သေတ္တာသော့မှာ ကားသော့နှင့်အတူ ပေးလိုက်မိ ကြောင်း သတိရတော့သည်။ ဘာလုပ်ရမှန်း မသိတော့။ အခန်းလယ်မှာ ကြောင် ပြီး ရပ်နေမိသည်။ အပြင်ထွက်၊ လှေကားထိပ်က ရပ်ပြီး ဦးကြီးကို လှမ်းအော် ခေါ်ရ ကောင်းလေမလား။ သည်ပုံစံဖြင့် သွား၍ မသင့်လျော်သဖြင့် စဉ်းစား ရပြန်သည်။ အို. . . မထူးပါဘူး ဆိုပြီး စိတ်တိုတိုနှင့် စောစောက ချွတ်ချထား သည့် အဝတ်တွေကိုပဲ ပြန်ကောက်ဝတ်လိုက်သည်။

တော်ပါသေးရဲ့၊ လက်ပွေ့အိတ်ထဲတွင် အလှပြင် ပစ္စည်းကလေးတွေ အနည်းအကျဉ်း ထည့်ထားမိလို့။ ဆံပင်ကို ဖြီးသင်သည်။ မျက်နှာကို မိတ်ကပ် ပါးပါး လိမ်းသည်။ စောစောကထက်တော့ သေသေသပ်သပ် ဖြစ်သွားပါပြီ။ ဝတ်လက်စ ဆွယ်တာဖြူကိုပဲ ပြန်ဝတ်လိုက်သည်။ အတော်ကလေး ကြည့်ပျော် ရှုပျော် ဖြစ်သွားသည်။ ကျက်သရေရှိသည့် ပြစ်မျိုးမဲ့မထင် သူ့ရုပ်သွင်ကို ဒိုမင် လိုင်း ဆိုသူက သတိမှ ထားမိပါလေစ။ သူ့ဆီမှ သေတ္တာသော့ကိုတော့ ရအောင် ပြန်တောင်းရမည်။ ညဝတ်ရုံ မပါဘဲတော့ မအိပ်တတ်ဘူးလေ။

အတွေးတခုက လျှပ်စီးလက်သလို ခေါင်းထဲ ဝင်လာသည်။ စိတ်ချ လက်ချ အိပ်လို့ ဖြစ်ပါ့မလား။ တံခါးမကြီးက အခိုင်အခံ့ပဲ။ သေသေချာချာ ပိတ် အိပ်တာပေါ့။ ဘာနဲ့မှ ဖွင့်လို့ရမှာ မဟုတ်ပါဘူး။ အိမ်စေ ဦးကြီးကတော့ အေးဆေး တည်ငြိမ်ပြီး နူးညံ့ သိမ်မွေ့ပါတယ်။ အင်း. . . သူ့ဆရာကကော။

ရင်ထဲမှာ တမျိုးကြီး။ သူ့အကြောင်းကို မစဉ်းစားချင်ပါဘူး ဆိုမှ ဘာလို့များ ခေါင်းထဲ ဝင်ဝင်လာပါလိမ့်။ စောစောကလေးက နှင်းကာဂျာကင်

mgyoe.com

 mgyoe.com SAMPLE BOOK 

ကို ကြယ်သီးတွေ ဖြုတ်ပြီး အတင်းချွတ် အပေးမှာ ရင်တွေ ခုန်တာကိုလည်း ပြန်၍ပင် မတွေးရဲ။ အညာလွယ်တဲ့ အစားထဲကလည်း မဟုတ်ဘဲနဲ့ ဘာကြောင့်များ စိတ်ကစားနေပါလိမ့်။ တသိမ့်သိမ့် ကြည်နူးမိတာတော့ အမှန်ပါ။

ဘာလို့ သည်ခြေတပေါင်ကျိုးကို စိတ်ဝင်စားရမှာလဲ။ တကိုယ်ကောင်း ဆန်လွန်းတဲ့ အတ္တသမား။ ကြည့်လေ။ သူ နိုင်ငံခြား မသွားနိုင်ခင် သူ့ရဲ့ မြှုပ်ကွက် ဇာတ်ကြောင်းတွေ ပေါ်မှာ စိုးလို့တဲ့။ အားနွဲ့သူ မိန်းကလေးတယောက်ကို သံ့ပန်းအဖြစ် လှောင်ထားမည်တဲ့။ သူ့အတိတ်ကို မည်သူက တူးဖော်မှာမို့လဲ။ ဟယ်လင်က အဆိုးမြင်ဝါဒဘက်မှ သူ့ကို ကြည့်မြင်ကြည့်၏။ မုန်းစရာကြီး။

တပြိုင်တည်းတွင် ယောကျ်ားပီသသည့် သူ့ရုပ်သွင်၊ ညိုမောင်းသည့် အသားအရေ၊ ငွေရောင် ဆံပင်နုနု၊ အညိုရောင် မျက်လုံးများ၊ အသားပို ဟူ၍ တလက်မမှ မရှိသည့် သူ၏ ကျစ်လျစ်တင့်တယ်သော ကိုယ်ကာယ အစိတ်အပိုင်းများကိုပါ မြင်ယောင်လာမိပြန်သည်။ မုန်းမုန်းမေ့မေ့ နေဖို့ ကိုယ့်ကိုယ်ကိုယ် ထိန်းပါ၏။ သိပ်မရချင်။

အမှတ်မထင် ခေါင်းကို ခါလိုက်တော့ လည်ပေါ်မှ ဆံပင်တွေ မေးဖျားကို ဝဲခနဲ လာရိုက်သည်။ အိပ်ခန်းတံခါးကို ဖွင့်ပြီး အပြင်ကို ကြည့်သည်။ လှေကားခုံရင်းမှ ပွတ်လုံးတိုင်များကို မီးရောင်မှိန်မှိန်တွင် လှမ်းမြင်ရသည်။ အခန်းမီးကို ပိတ်ခဲ့ပြီး လှေကားဆီသို့ လျှောက်ခဲ့သည်။ တည်ငြိမ်စွာဖြင့်။

လှေကားရင်း ခန်းမဆောင်ကြီးထဲ ရောက်မှ ဟိုဟိုသည်သည် ကြည့်ပြီး ဇဝေဇဝါ ဖြစ်သွားသည်။ ဧည့်ခန်းတံခါးကို မမှတ်မိတော့။ ဟုတ်နိုးနိုးနှင့် တံခါးတခုကို လှပ်ကြည့်လိုက်သည်။ အောက်ထပ် ဝတ်ရုံသိမ်းခန်း ဖြစ်နေသည်။ ကပျာကယာ ပြန်ပိတ်ပြီး နောက်ခန်းကို ဖွင့်ပြန်သည်။ ထမင်းစားခန်း ဖြစ်ဟန်တူ၏။ စားပွဲခင်း ခင်းထားသော်လည်း ပန်းကန်ခွက်ယောက်များ ပြင်ဆင်ထားခြင်း မရှိသေး။

သည်အခန်းထဲကပဲ စောင့်ရကောင်းမလား။ သက်ပြင်းတချက် ချလိုက်သည်။ အသံလိုလို ကြားလိုက်ရ၍ ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်သည်။ ခန်းမဆောင်၏ ဟိုမှာဘက်မှ အခန်းတံခါး ပွင့်လာပြီး မောင်မင်းကြီးသား ပေါ်လာသည်။ ရှိဘားက နောက်မှ ထက်ကြပ်မကွာ။

သူက ဧည့်ခန်းတံခါးကို ဖွင့်ပြီး-

"ကဲ. . . လာလေ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဖိတ်ခေါ်သည်။

သူ့အသံမှာ လေးနက်၍ နှစ်သက်ဖွယ် အတိ။ ဘာမှပြောစရာ မရှိတော့လည်း ပခုံးကို အသာတွန့်ပြီး သူ ဖွင့်ပေးသည့် ဧည့်ခန်းဆီကိုပဲ လျှောက်သွားရသည်ပေါ့။ သူက နောက်မှလိုက်ဝင်ပြီး ဧည့်ခန်းတံခါးကို ပိတ်လိုက်သည်။ စောစောက အဝတ်များနှင့် မဟုတ်တော့။ ခရမ်းရောင် ပိုးသားရှပ်အင်္ကျီနှင့် နို့နှစ်ရောင် သားရေနု ဘောင်းဘီကို ဝတ်ဆင်ထားသည်။ လုံးကျစ်သော တင်သားများက သားရေဘောင်းဘီ အောက်တွင် ဖောင်းကြွနေသည်။ ရှပ်အင်္ကျီပေါ်တွင် ညိုဝါရောင် ခါးပြတ် သားရေအင်္ကျီကို ထပ်ဝတ်ထားသည်။ စနစ်တကျ လေ့ကျင့်ထားသည့် ကိုယ်ကာယ အချိုးအစားမျိုး။ ဦးကြီးကပင် အပြုအစု ကောင်း၍လား မသိ၊ စောစောကလို ပင်ပန်းနွမ်းနယ်သည့် အမူအရာဟူ၍ လုံးဝမရှိတော့ဘဲ ရွှင်လန်း ဖျတ်လတ်နေသည်။

စောစောက ထိုင်သွားကြသည့် မီးဖိုနံဘေးမှ စားပွဲ၊ ကုလားထိုင်များတွင် ထိုင်ကြသည်။ စားပွဲခင်းသစ်များ လဲထားပြီး မီးဖိုထဲတွင် ထင်းတွေ ထပ်ဖြည့် ထားသည်။

သူက စ၍-

"ညစာ မစားခင် တို့ နည်းနည်းပါးပါး သောက်ကြရအောင်လား"

ဟု စကားစသည်။

သာမန် သူ့ဧည့်သည်တယောက်ကို ဧည့်ခံနေသည့် အလား။ စိတ်ထဲတွင် အောင့်သက်သက် ဖြစ်သွားပြန်သည်။ သူ ထားရာနေ၊ စေရာ သွားမည့် အစားထဲကများ အောက်မေ့နေလား မသိ။ သူ့အစီအစဉ်တွေကို တသဝေမတိမ်း လိုက်နာမယ်ထင်နေရအောင် သူက ဘာမို့လဲ။

"ညစာ စားဖို့ ဆင်းလာတယ် ထင်နေလား။ သော့တွေ တောင်းရအောင် လာခဲ့တာ။ ရေချိုးပြီး အဝတ်တောင် မလဲရဘူး။ မတရားလွန်းဘူး ထင်တယ်"

အစီအစဉ်မရှိဘဲ ခေါင်းထဲတွင် ပေါ်လာသမျှ တန်းပြောချလိုက်သည်။

သူ့မျက်ခုံးတွေ တွန့်သွားသည်။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး သော့တွဲကို ထုတ်သည်။

"ကျုပ် တောင်းပန်ပါတယ်။ ဟုတ်ပေတာပေါ့၊ သေတ္တာသော့ ပေးဖို့ မေ့သွားတာ ကျုပ်အပြစ်ပါ။ ကဲကဲ. . . ဘယ်အချောင်းလဲ ပြ. . . "

စိတ်ထဲတွင် ပေါက်ကွဲလု နီးနေပြီ။ သူ့ကို ခဏ စိုက်ကြည့်နေမိသည်။

mgyoe.com

နောက်တော့ ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ၊ သူ့ဆီသို့ ဝုန်းခနဲ ရောက်သွားပြီး သူ့လက်ထဲမှ သော့တွဲကို အတင်းဝင်လုသည်။ စိတ်လိုက်မာန်ပါ လုပ်လိုက်ခြင်းသာ။ သော့ကို လုလို့ ရလျှင်တောင် ဘာဆက်လုပ်ရမည် ဆိုသည်ကို ကြိုတင် တွေးဆထားခြင်း မရှိ။ သော့ရပါပြီတဲ့။ ညဥ့်နက်သန်းခေါင် မှောင်နှင့်မည်းမည်းမှာ နှိုးမရတဲ့ ကားကြီးနဲ့ ဘာဆက်လုပ်လို့ ရမှာလဲ။ ကိစ္စမရှိ။ သူ့လက်ခုပ်ထဲက ရေမဟုတ်မှန်း သူ သိသွားရင် တော်ပြီ။ လွယ်လွယ်နှင့် အညံ့ခံမည့် အစားထဲက မဟုတ်မှန်း သူ သိရင် တော်ပြီ။

သူက ဖျတ်ခနဲ သော့တွဲကို လက်ထဲတွင် ဆုပ်လိုက်သဖြင့် မရလိုက်။ သူ့ကို အရှိန်နှင့် ဝင်တိုက်မိသည်။ သို့သော် သူက နေရာမှ မရွေ့။ ဣန္ဒြေပင် မပျက်။ ခြေတဖက် ဆာနေသဖြင့် သန်သန်မာမာ မရှိဟု ထင်ခဲ့သည်မှာ မှားနေလေပြီ။ မည်မျှ သန်မာ ကြံ့ခိုင်ကြောင်း ခုမှ သိရသည်။ လူချင်း ပူးမှတော့ မထူးဘူးဆိုပြီး သူ့လက်ထဲက သော့တွဲကို ဇွတ်ဝင်လုသည်။

ရှီဘားတကောင် သူတို့ကို အသင့်အနေအထားဖြင့် ကြည့်နေသည်။ သခင်၏ မျက်ရိပ်မျက်ကဲကို စောင့်နေသည်ကိုတော့ ဟယ်လင်တယောက် လုံးဝ သတိမထားမိ။ ကမူးရှူးထိုးဖြင့်သာ အတင်းလုနေခြင်း ဖြစ်သည်။ ဒိုမင်လိုင်းလို လူတယောက်ကို လွယ်လွယ်နှင့် အန်မတုနိုင်မှန်း နားလည်လာရတော့သည်။ အရေးထဲတွင် သူ့ကိုယ်ငွေ့နွေးနွေးကို သတိထားမိနေသေးသည်။ သူ့ကိုယ်မှ ပျံ့လွင့်လာသော ကတိုး ရေမွှေးနံ့သင်းသင်းကို မသိမသာ ရှိုက်လိုက်မိသေးသည်။ မော့ကြည့်လိုက်တော့ ပြုံးနေသော သူ့နှုတ်ခမ်းများကို မြင်ရသည်။ လှောင်ပြုံး။ သရော်ပြုံး။ ရက်စက်မည့် အပြုံး။ အသက်ရှူ မှားမတတ် ထိတ်လန့်သွားမိသည်။ ရုန်းထွက်လိုက်သည်။ တအား အော်ပစ်လိုက်သည်။

"ရှင်. . . ရှင် လူရမ်းကား၊ ပြန်ပေး။ သော့တွေ ပြန်ပေးပါ"

"မင်း ဘာလို့ အဓိပ္ပာယ်မရှိ လျှောက်လုပ်နေတာလဲ။ မင်း လိုတဲ့ သော့ကို ကျုပ် ပေးမလို့ပဲဟာ"

ခေါင်းကိုသာ အမှတ်မထင် ခါနေမိသည်။

"ဘာလို့ သူများကို မတရား ချုပ်နှောင်ထားလဲ၊ ဘာလို့ ပေးမသွားလဲ"

တောင်းဆိုသည် သဘောဖြင့် ပြောနေသော်လည်း လေသံက တောင်းပန်တိုးလျှိုးသံ ပါနေပြီ။

"မဟုတ်ပါဘူး။ မနက်ဖြန်မှာ ပြန်ရရင် တော်ပါပြီ။ ဟယ်လင် ပြန်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

ရစေ အစ်ကိုကြီးရယ်"

နောက်ဆုံးတော့ အောက်ကျို့ တောင်းပန်ရတော့သည်။

"မင်း ကျုပ်ကို တောင်းပန်မနေနဲ့၊ အလကားပဲ ကြားလား။ ပျော့ညံ့ အားနည်းတာမျိုးကို ကျုပ်က သိပ်အထင်သေးတာ"

ဒါကတော့ မှိုချိုးမှျစ်ချိုး နိုင်လွန်းလှသည်။ စော်ကားလွန်းသည်။ ပါးကို အရိုက်ခံရတာထက် နာသေးသည်။ ပြာဝေသွားသည်။ လဲကျမသွားရန် အနီးဆုံး ခုံတန်းလက်ရန်းကို လှမ်းမှီလိုက်ရသည်။ မျက်တောင်ကော့ကော့တွင် မျက်ရည်ဥ တွေ ခိုတွဲလာသည်။ ပါးပြင်နုနုပေါ် တလိမ့်လိမ့် ကျဆင်းမလာအောင် မနည်း ထိန်းထားရသည်။

ခြေကုန်လက်ပန်းကျပြီ။ စိတ်လျှော့လိုက်ရပြီ။ ကူကယ်သူ ဝေးပြီ ထင်ပါရဲ့။ ဟယ်လင့်မှာ တယောက်တည်း။ သူ့ဆရာသခင်ကို ဝံ့ဝံ့စားစား အန်တုနေသူ မိန်းမငယ်အား ရှီးဘားသည် မုန်းတီး ခါးသီးစွာ စိန်းစိန်းကြည့် လျက်ရှိသည်။ ဟယ်လင့်ခမျာ ဘာကိုမှ မမြင်တော့။

"ရော့ ရော့၊ ဒါလေး သောက်လိုက်"

ဖန်ခွက်ကို လက်ထဲ အတင်းထိုးပေးနေတော့ ကြောင်ငေးငေးဖြင့် ဖန်ခွက်ကို ကြည့်ပြီး-

"အဲဒါ ဘာအရက်လဲ"

"သောက်လိုက်ပါ၊ ဘရန်ဒီပါ။ မင်း သိပ်စိတ်လှုပ်ရှားနေတယ်။ မင်း ဘာမှ မစဉ်းစားတတ်အောင် ဖြစ်နေပြီ မဟုတ်လား"

ဖန်ခွက်ကိုယူပြီး ပေါက်ခွဲပစ်လိုက်ချင်သည်။ သို့သော် သူ ပြောသည့် အတိုင်း နည်းနည်းသောက်လိုက်မှ ပုံမှန်ပြန်ရောက်လာမည်ကို သိနေသည်။ တုန်တုန်ယင်ယင်ဖြင့် တအား မော့ချလိုက်သည်။ လည်ချောင်းထဲတွင် ထူပူ ဆင်းသွားသည်။ ချောင်းတဟွပ်ဟွပ် ဆိုးလိုက်ပြီး မျက်ရည်တွေ လည်လာ သည်။ ချက်ချင်း မျက်နှာတွေ၊ နားရွက်တွေ တရှိန်းရှိန်း ဖြစ်လာသည်။

သူက မီးဖိုနှင့် အနီးဆုံး ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး သူ့ အတွက် ဝီစကီကို ငှဲ့သည်။ စာအုပ်စင်ပေါ် မှ ဆေးလိပ်သေတ္တာကလေးကို လှမ်းယူပြီး တလိပ် ထုတ်ယူသည်။ ပြီးတော့မှ စိမ်ပြေနပြေ မီးညှိနေသည်။ ဟယ်လင်က မတ်တတ်ရပ်လျက်ကပင် သူ့အမူအရာကို စောင့်ကြည့်နေသည်။ လူတဖက်သား ကိုတော့ ဆောက်တည်ရာ မရအောင် စိတ်ဒုက္ခပေးထားပြီး ယင်းတဖက်သားကို
mgyoe.com

mgyoe.com
SAMPLE BOOK

ဖုတ်လေသည့် ငါးပိ ရှိလေသည်မှ မထင်သည့်ပုံမျိုး လုပ်နေပြန်သည်။ ဆေးလိပ်ကို စိတ်တိုင်းကျ မီးညှိပြီးမှ သွားနှင့် ကိုက်ထားလိုက်သည်။ ပြီးတော့ အိတ်ထဲက သော့တွဲကို နှိုက်သည်။ သော့နှစ်ချောင်းကို သေသေချာချာ ရွေးယူပြီး သော့တွဲကို လှမ်းပစ်ပေးလိုက်သည်။

ဖမ်းမမိလိုက်။ အောင့်သက်သက်နှင့် ခံပြင်းစွာ ကုန်းကောက်ယူလိုက်ရသည်။ ကားသော့နှင့် နောက်ခန်းသော့ကို ဖြုတ်ယူထားကြောင်း တွေ့ရသည်။

သူက ခြေထောက်တွေကို ရှေ့ဆန့်တန်းလိုက်ပြီး-

"ကဲ. . . ထိုင်ပါဦး မရွှေချောရဲ့"တဲ့။

ဘယ်ရမလဲ။ ပြန်ပက်လိုက်တာပေါ့။

"မထိုင်ဘူး၊ ကိုယ့်အခန်း ကိုယ် ပြန်မယ်။ မနက် မိုးလင်းရင်တော့ ရှင် လူစိတ်သူစိတ် ပြန်ဝင်လာ ကောင်းပါရဲ့"

လို့ ပြောတော့ သူက မထီမဲ့မြင် ပြုံးလိုက်ပြီး-

"ကျုပ် လူစိတ်သူစိတ် ဝင်မလာလည်း မင်း ဘာမှ ပူပင်စရာ မရှိဘူး" တဲ့လေ။

"ရှင်ဟာ တကယ့်ကို လူမဆန်တာပဲ"

"မင်း ကျုပ်အပေါ် ဘယ်လိုထင်ထင်လေ. . . အဲဒါ ကျုပ်အတွက် လုံးဝ အရေးမကြီးဘူး"

လှည့်ထွက်သွားပြီး တံခါးပေါက်ဝသို့ ရောက်ခါနီးတွင် နောက်က လှမ်းပြောသည်။

"ဟေ့. . . မင်း မကြားဖူးဘူးလား၊ အူမတောင့်မှ သီလ စောင့်နိုင်တယ် ဆိုတာ။ မင်း ညစာ မစားရင် မနက် မိုးလင်းတော့ သိပ်ဆာနေမှာပေါ့"

သည်တော့ ရင်ကော့ပြီး ပြန်ပြောလိုက်သည်။

"ရှင် ကျွေးတဲ့ ညစာ စားမယ့်အစား၊ သေဆေးပဲ စားမယ် သိလား"

ပြောပြောဆိုဆို လှည့်ထွက်မည်အပြုတွင် ညစာလင်ဗန်းကို ကိုင်၍ ဝင်လာသော ဦးကြီးကို တွေ့လိုက်ရသည်။ ဟင်းနံ့က မွှေးကြိုင်နေသည်။ မလိုင်ထပ်နေအောင် ကျိုထားသည့် နို့ခွက်နှင့် သစ်သီးဌာပနာမုန့်တွေကို လှမ်းတွေ့လိုက်ရတော့ ဆာလောင်မွတ်သိပ်မှုက အထွတ်အထိပ် ရောက်သွားသည်။

ဟယ်လင့်ကို တအံ့တဩ ကြည့်ပြီး ဦးကြီးက ပြောသည်။

"ဒီမှာ ပိုန္ဒေးလို့ ညစာကို ဒီမှာပဲ ကျွေးမလားလို့ပါ ဆရာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းတာပေါ့ ဦးကြီး၊ ဒီမှာပဲ စားတာပေါ့။ လာလေ ဦးကြီးလည်း ဝင်စား"

ထွက်သွားရမည့်အစား အကြောင်သား ငေးနေမိသည်။ ဘယ်လောက်ဆာနေသည်ကို ခုမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ ငြင်းလိုက်တဲ့အတွက် နောင်တရချင်သလိုလိုတောင် ဖြစ်လာသည်။ ညစာဝိုင်း၏ မွှေးပျံ့လှသော ရနံ့က သူ့ကို ဖမ်းစားထားသည့် အလား။

"ဦးကြီးက မလေးအတွက် ပြင်လာတာ"

"ကိစ္စမရှိဘူး ဦးကြီး။ သူ မဆာသေးဘူးတဲ့"

သူ့မျက်လုံးတွေက ဇဝေဇဝါ ဖြစ်နေသော ဟယ်လင့်ကို စောင့်ကြည့်နေသည်။ ပို၍ ဒေါပွလာပြန်သည်။

"ရှင်နဲ့အတူ ညစာစားမယ့် အစား အငတ်ခံရတာက ပိုပြီး စိတ်ချမ်းသာဦးမယ်"

ပြောပြောဆိုဆို စူစူဆောင့်ဆောင့် ထွက်ခဲ့ပြီး တံခါးကို တအားဆောင့်တွန်း ပိတ်ပစ်ခဲ့သည်။

စိတ်လိုက်မာန်ပါ ထွက်ခဲ့သည့်အတွက် နောက်က လိုက်ပြီး ချော့မော့ခေါ်လေမလားဟု ခန်းမထဲတွင် ခဏရပ် စောင့်ကြည့်သေးသည်။ ဘယ်သူမှ ထွက်မလာ။ ဒိုမင်လိုင်း၏ ကျယ်လောင်စွာ အော်ဟစ်ရယ်မောသံကိုသာ ကြားလိုက်ရသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အိပ်ရာ အပြင်အဆင်၊ အခင်းအကျင်းက ခမ်းနားငြိမ့်ညောင်းလှသည်။ အိစက် ညက်ညောလှသည်။ ရေနွေးအိတ်တွေက မေမေ့ကို သတိရစေသည်။ ငယ်ငယ်တုန်းကဆိုလျှင် မေမေက ရေနွေးအိတ်တွေကို စောင်နှင့် ထွေးပြီး အိပ်ရာဝင် ပုံပြင်တွေ ပြောပြမြဲ။ တောထဲတွင် မျက်စိလည် လမ်းမှားနေသည့် မင်းသမီးကလေးနှင့် အလှဖျက် သတ္တဝါကြီးပုံကို သတိရနေသည်။

အစတော့ သည်အခြေအနေမျိုးတွင် အိပ်၍ ပျော်နိုင်မည် မထင်။ သို့သော် ပင်ပန်း နွမ်းနယ်လှပြီမဟုတ်လား။ ခြေပစ် လက်ပစ် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားခဲ့သည်။ နိုးလာတော့ နှင်းထု၏ ရောင်ပြန်ဖြင့် နေရောင်ခြည်သည် ပို၍ တောက်ပနေသည်ကို တွေ့ရသည်။ အိပ်ခန်းမှာ လင်းထိန်နေသည်။

ရုတ်တရက် ဘယ်ရောက်နေသည်ကို မနည်း စဉ်းစားရသည်။ မြကန်သာ ရောက်နေပြီလိုလို ထင်လိုက်သေးသည်။ တဖြည်းဖြည်းမှ မနေ့က အဖြစ်အပျက်တွေ ပြန်ပေါ်လာသည်။ ပြောမယုံ ကြုံဖူးမှ သိရသည့် အဖြစ်မျိုး။ စောင်ခြုံထဲမှ လက်ကို ထုတ်ပြီး လက်မှ နာရီကို ကြည့်သည်။ ဟင်. . . ၉ နာရီ ခွဲတော့မှာပါလား။ ၁၂ နာရီတောင် အိပ်ပစ်လိုက်တာပါလား။ စောင်တွေကို ခွာချသည်။ အိပ်ရာပေါ်မှ ခုန်ဆင်းသည်။ ပြတင်းပေါက်တွင် သွားရပ်ပြီး အပြင်သို့ ကြည့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြင်ရသည့် မြင်ကွင်းကြောင့် စိတ်ဓာတ် အကျကြီး ကျသွားတော့သည်။ ပတ်ဝန်းကျင် တခုလုံး ပကတိ ဆီးနှင်းလွှင်ပြင်။ ခြံဝင်းထဲမှ နှင်းများကိုတော့ ဦးကြီး ရှင်းထားသည် ထင်သည်။ တစုံတယောက် ဝင်းပြင်သို့ ထွက်သည့် ခြေရာတွေကို လှမ်းမြင်ရသည်။

ခန်းဆီးကို ပြန်ဆွဲပိတ်ပြီး အခန်းပတ်ပတ်လည်ကို ကြည့်လိုက်သည်။ ညတွင် လှသလို နေ့တွင်လည်း လှသည့် အခန်း ဖြစ်သည်။ အဝတ်အစားသေတ္တာ တခုသာ မသေမသပ် ဖြစ်နေသည်။ အဝတ်တွေ ပွရှုပ်နေသည်။ ညက စိတ်ရှုပ်ရှုပ်ဖြင့် ညဝတ်အင်္ကျီကိုသာ ဆွဲထုတ်ပြီး သည်အတိုင်းထားခဲ့သည် မဟုတ်လား။

ယခုလည်း သေတ္တာကို သန့်ရန် စိတ်မကူးသေးဘဲ ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ရေချိုးဖို့ စိတ်ကူးပြီးမှ ရေချိုးလျှင် အချိန်အကြာကြီး စိမ်ချိုးလေ့ရှိ၍ ကပျာကယာ ကိုယ်လက် သန့်စင်ပြီး အဝတ်လဲဖို့ အိပ်ခန်းထဲ ပြန်လာခဲ့သည်။ ချည်ကတ္တီပါ ဂျင်းဘောင်းဘီကို ခါးကျဉ်ကျဉ်၊ တင်ကားကားတွင် နေထားတကျ ဖြစ်အောင် ဝတ်နေစဉ် တံခါးခေါက်သံ ကြားရသည်။ ရင်ခုန်လာသည်။ ဘယ်သူများ ဖြစ်မလဲ။

"မလေး၊ မလေး နိုးပြီလား"

ဦးကြီး၏ အားတက်စဖွယ် အသံ။

"နိုးပါပြီ၊ ဘာများလဲ ဦးကြီး"

"မလေးဖို့ မနက်စာလေ၊ မလေး နိုးရင် သိပ်ဆာနေမှာ မဟုတ်လား"

စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေသည်။ ဦးကြီး လာပို့သည့် မနက်စာကို လက်ခံရမည်လား။ ဒါမှမဟုတ် "သွား သွား. . . မစားဘူး၊ ဦးကြီး ဆရာကို သွားပြော. . . ဟယ်လင် အစာငတ်ခံပြီး တိုက်ပွဲဝင်မယ်" လို့ ပြောရကောင်းမလား။

သို့သော် ဒိုမင်လိုင်းလို လူကို သည်နည်းဖြင့် မအောင်မြင်နိုင်မှန်း ဟယ်လင် သဘောပေါက်နေပါပြီ။ အစာငတ်ပြီး မေ့မြောနေသည်အထိ သူက အပြုံးပျက်မည့် လူစား မဟုတ်။

"ခဏလေးနော် ဦးကြီး"

ဟု ခွင့်တောင်းပြီး ငှက်ပျောညွှန့်ရောင် ဆွယ်တာကို ကောက်စွပ်သည်။ ခေါင်းစွပ်အောက်တွင် ပိဝင်သွားသော ဆံပင်တွေကို လက်တဖက်ဖြင့် ဖယ်ရှားရင်း တံခါးဖွင့်လိုက်သည်။

mgyoe.com

mgyoe.com

ရင်အုပ်ကျယ်ကြီးနှင့် ရပ်နေသော ဦးကြီးကို တွေ့ရသည်။ သိုးမွေးဆွယ်တာ အကျားကြီးကို လက်မောင်းလိပ်တင်ထားသဖြင့် ကြွက်သားစိုင်များကို အတိုင်းသား မြင်ရသည်။ ခါးတွင်တော့ ဖလန်နယ် ခါးစည်းကို အိမ်ရှင်မ တယောက်သဖွယ် စည်းထားသည်။ သည်အလုံးအထည်၊ သည်အရပ်အမောင်းနှင့် ယောကျ်ားကြီးတစ်ဦး ယူဆောင်လာသည့် နံနက်စာမှာ အဘယ်အိမ်ရှင်မမှ လိုက်မမီနိုင်သည့် လက်ရာမျိုး။

"ကွေကာအုပ်ရယ်၊ ဝက်ပေါင်ခြောက်နဲ့ ကြက်ဥရယ်၊ ပေါင်မုန့်ယိုသုတ်ရယ်၊ ပြီးတော့ ကော်ဖီရယ် မလေး၊ နောက် ဘာများ သုံးဆောင်လိုပါသေးလဲ"

လင်ဗန်း အပြည့် ရှိနေသည့် နံနက်စာကို ငေးကြည့်နေမိသည်။ အိမ်စေဦးကြီးနှင့်ကျတော့ တမျိုး။ ရိုးရိုးသားသား ဝန်ခံမိသည်။

"အို. . . သိပ်မြိန်မှာပဲ ဦးကြီးရယ်၊ ဟယ်လင်လည်း ဆာလှပါပြီ"

"ဆရာကလည်း ပြောပါတယ်၊ မလေး သိပ်ဆာနေရှာမယ် တဲ့"

ချက်ချင်း ထောင်းခနဲ ဒေါသထွက်လာပြန်သည်။ အောက်နှုတ်ခမ်းကို ကိုက်လိုက်မိသည်။

"ဟုတ်လား ဦးကြီး၊ ဖြစ်မှ ဖြစ်ရလေ၊ သူက"

ဦးကြီးက သက်ပြင်းချလိုက်သည်။

"ဦးကြီးရဲ့စေတနာကိုတော့ မငြင်းပါနဲ့ မလေးရယ်နော်၊ ကဲကဲ စိတ်မကောက်ပါနဲ့တော့၊ စားလိုက်ပါဦး၊ ပြီးတော့ ဦးကြီး လာသိမ်းမယ်နော်"

ဟယ်လင်က အိမ်စေဦးကြီးကို သံသယမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"သူ. . . သူ ဟယ်လင့်ကို ဘယ်လောက်အကြာကြီး ထားမှာလဲဟင်"

ဟု မေးလိုက်သည်။

"မနက်စာကိုသာ အေးအေးဆေးဆေး စားပါ မလေးရယ်"

ဟု ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွားတော့သည်။

ဦးကြီး ပိတ်သွားသော တံခါးမှ မှန်ကူကွက်တွေကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိသည်။

ဦးကြီးကို အတွက်မှားခဲ့ပြီ။ သူ့အပေါ်တွင် ကြင်နာမှု ရှိသည်ထား၊ ဦးကြီးက သူ့ဆရာကို လွန်ဆန်ဝံ့ပါမည်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာမှ ဆက်မစဉ်းစားနိုင်တော့။ ဝက်ပေါင်ခြောက်ကြော်နံ့က သွားရည်ယိုလောက်အောင် တခန်းလုံး မွှေးပျံ့နေပြီ။ ပလတ်စတစ် အုပ်ဆောင်းကို ဖွင့်ပြီး အငမ်းမရ ထိုင်လွေးတော့သည်။ ထုံးစံအတိုင်း ဆိုလျှင် နံနက်စာမှာ ပေါင်မုန့် ထောပတ်သုတ်နှင့် ကော်ဖီဆို လုံလောက်သည်။ ယခုတော့ လင်ဗန်းထဲတွင် ရှိသမျှ ကုန်လုပြီ။ နောက်ဆုံး ပေါင်မုန့်ယိုသုတ် သုံးချက်ကို အပြတ်ရှင်းပစ်လိုက်သည်။ ကော်ဖီကလည်း ကောင်းလိုက်သည့် ဖြစ်ခြင်း။ စားပြီးသည့်အထိ တကိုယ်လုံး အီဆိမ့်နေသည်။

နှုတ်ခမ်းနှင့် လက်တို့ကို လက်သုတ်ပဝါနှင့် သေသေသပ်သပ် သုတ်လိုက်ပြီး ပြတင်းပေါက်ဆီသို့ ထသွားပြန်သည်။ ဘာဆက်လုပ်ရပါ့မလဲ။ ဦးကြီးက လင်ဗန်းသိမ်းဖို့ ပြန်လာခဲ့မယ် တဲ့။ အခန်းထဲက ဘယ်မှ မထွက်နှင့် ဆိုတဲ့ အဓိပ္ပာယ်များလား။

မခံချင်စိတ်၊ ပုန်ကန်ချင်စိတ်က ထောင်ထလာပြန်သည်။ သည်လိုအကျယ်ချုပ်ဘဝဖြင့် အကျဉ်းချထားခြင်း ခံရသည့် အချိန်မျိုးသာ မဟုတ်ခဲ့လျှင် ဘယ်လောက် ကောင်းမလဲ။ ဘယ်လောက်လှတဲ့ နံနက်ခင်းလဲ။ ဘယ်လောက် လွတ်လပ် သန့်ရှင်းတဲ့ နံနက်ခင်းလဲ။ မြကန်သာက တည်းခိုခန်းကလေးကို မှန်းကြည့်နေမိသည်။ လွတ်လပ်မှုကို တဝကြီး ခံစားပစ်မယ်၊ လေလွင့်တိမ်လိုနေပစ်လိုက်မယ်လို့ ကြုံးဝါးလာခဲ့တာ မဟုတ်လား။ မိုးကုပ်စက်ဝိုင်းထိ လမ်းလျှောက်မယ်၊ လမ်းရှိသမျှ ကားလျှောက်မောင်းမယ် စသည် စသည်ဖြင့်။ တဖက်သတ် ပိုင်စိုးပိုင်နင်း နိုင်လှသည့် ဖေဖေ ဖိနှိပ်မှုတွေကို သည်လို သည်လို တုံ့ပြန်မည်ပေါ့။ ခုတော့ ရှင်ကြီး ကျားထက် ဆိုးသည့် ကိန်းနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ကြုံနေရပြီကော။

ခုလောက်ဆို ရေထားသည့် စာကလေးကို ဖေဖေ ရလောက်ပြီ။ ခရီးမထွက်ခင် တရက်က လန်ဒန်စာတိုက်တခုတွင် ထည့်ခဲ့ခြင်း ဖြစ်သည်။ နယ်ရောက်မှ စာထည့်လျှင် စာတိုက်တံဆိပ် ကြည့်ပြီး သဲလွန်စ ရသွားနိုင်တယ်လေ။ တယောက်ယောက်က နောက်ယောင်ခံလိုက်မှာ သိပ်စိုးခဲ့တာ။ ခုတော့စိတ်ချရပြီ။ ဘယ်သူမှ အိပ်မက်ပင် မမက်ဖူးသည့် နေရာမျိုး ရောက်နေပြီမဟုတ်လား။ သည့်ထက် လုံခြုံသည့် နေရာမရှိနိုင်။

ဒိုမင်လိုင်း ဆိုသူ နှစ်ရှည်လများ ဇာတ်မြုပ်နေထိုင်ရာ သီးခြားကမ္ဘာကလေးတခု မဟုတ်လား။

mgyoe.com

mgyoe.com

နေပါဦး။ သူ အသက်ရှင်နေတယ် ဆိုတာ ဘယ်သူမှ မသိကြဘူးတဲ့လား။ မျက်မှောင်တချက် ကြုတ်လိုက်သည်။ အားတက်သရော အဖြေရှာကြည့်သည်။ ကြက်ဥတို့၊ နွားနို့တို့တော့ တယောက်ယောက် လာပို့ရမှာပေါ့။ ပြီးတော့ သတင်းစာတို့၊ စာတို့ အပို့အယူ မရှိတော့ဘူးတဲ့လား။ သူ့ကိုပါ ကျွေးထားရမည် ဆိုလျှင် တိုးလာမည့် ပါးစပ်တပေါက်အတွက် ရိက္ခာ ပိုလိုလာမည် မဟုတ်လား။ ဒါဆို ပို့နေကျ၊ ဒါမှမဟုတ် ဝယ်နေကျ ရွာကုန်စုံဆိုင်က ရိပ်မိမှာပေါ့။

သက်ပြင်းတချက် ချလိုက်သည်။ ဧည့်သည်တယောက် ရောက်နေလို့လို့ ဦးကြီးက ဈေးဆိုင်ကို အကြောင်းပြလိုက်ရင် ဘာတတ်နိုင်မှာလဲ။ အကူအညီရဖို့ ဆိုတာက အိမ်ကို လူတယောက်ယောက် အဝင်အထွက်ရှိမှ ဖြစ်မှာပါ။ ဥပမာ စာပို့လုလင် လိုမျိုးပေါ့။

စိတ်ဓာတ်မကျဖို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း လွတ်မြောက်ရေး လမ်းစကို အမျိုးမျိုး ဆက်ရှာကြည့်သည်။ လူဝင် လူထွက် ရှိသည်ပဲ ထား၊ ဒိုမင်းလိုင်းလိုလူက သူနဲ့ ပေးတွေ့မယ်တဲ့လား။ ကတ်သီးကတ်သတ်။ စာရွက်ကလေးပေါ် ရေးပြီး အပေါ်ထပ်က ပစ်ချပေးရင်ကော။ မဖြစ်နိုင်တာ။ လေလွင့်ချင် လွင့်၊ နှင်းဖုံးချင် ဖုံးသွားမှာပေါ့။

အိမ်လိပ်စာနှင့် အမည်အပြည့်အစုံ ရေးပြီး. . . ဟင် ဒါလည်း မဖြစ်သေးပါဘူး။ သည်အိမ်ကြီး တည်ရှိရာအရပ်မှ မသိတာ။ မနေ့က လမ်းဝင်မေးသည့် ရွာအမည်ကို မှတ်မထားလိုက်မိ။

မျှော်လင့်ချက် ရောင်ခြည်ကလေးတချက် သန်းလာပြန်သည်။ အဲဒီရွာက စာတိုက်ဗိုလ်က မှတ်မိချင် မှတ်မိနေမှာပေါ့။ ကားအသွားအလာ ဒါလောက် ပြတ်နေတဲ့အချိန်မျိုးမှာ အမျိုးသမီးကလေး တယောက်တည်း လမ်းမသိလို့ ရွာကို ဝင်မေးသွားတယ်ဆိုတာ မမှတ်မိဘဲ ရှိပါ့မလား။ မျှော်လင့်အားထားစရာ မရှိလောက်တဲ့ အခြေအနေမျိုးမှ အားတက်စဖွယ် လွတ်မြောက်ရေး လမ်းစကို ကြံကြံဖန်ဖန် တွေးတော အချိန်ကုန်စေခြင်းမျိုးသာ ဖြစ်ပါ၏။

ဖေဖေက ဒီအတိုင်း လက်ပိုက်ကြည့်နေမည်တော့ မဟုတ်။ ဘယ်မှ ရှာမရသည့်အဆုံး မြကန်သာကို သတိရချင် ရလာမှာပေါ့။ ဒီဘက်ကို လိုက်လာပြီး ဟိုရွာမှာ ဝင်မေးရင် ဖေဖေ သဲလွန်စ ရသွားနိုင်သည်။

စိတ်ချမ်းသာအောင်သာ တွေးနေရသည်။ ဖြစ်ကော ဖြစ်နိုင်ပါ့မလား။

mgyoe.com

mgyoe.com SAMPLE BOOK

ရက်တွေက ကြာချင် ကြာဦးမှာ။ ဖေဖေ လိုက်လာတဲ့အချိန်ဆို အဲဒီရွာက စာတိုက်ဗိုလ်က မေ့ချင် မေ့လောက်ရောပေ့ါ။ သူက သတိရနေသေးလို့ သူ ညွှန်လိုက်သည့် လမ်းကို ပြနိုင်သည့်တိုင်အောင် အချိုးအကွေ့၊ လမ်းဆုံလမ်းခွ ပေါင်း များစွာကို ကျော်ဖြတ်လာခဲ့ပြီးနောက်မှ ဘယ်ရှာလို့ လွယ်တော့မလဲ။

ဖေဖေက သတင်းစာထဲ ခေါက်ပုံထည့်ပြီး လူပျောက် ကြော်ငြာလျှင် ကော။ ဒါဆိုလျှင်တော့ တယောက်ယောက်က မှတ်မိမှာ မုချ။

တံခါးခေါက်သံကြောင့် အတွေးပြတ်သွားသည်။

"ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်သည်။

ဦးကြီး ခေါင်းပြူဝင်လာပြီး-

"မလေး စားပြီးပြီလား"တဲ့။

ခေါင်းညိတ်လိုက်ပြီး ပြောင်တလင်းခါနေသည့် လင်ဗန်းကို လက်ညှိုး ထိုးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦးကြီးရယ်။ စားလို့လည်း သိပ်ကောင်းပါတယ်။ ဟယ်လင်တော့ တဝကြီး စားပစ်လိုက်တာပဲ"

"အင်း. . . ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီလိုမှပေ့ါ မလေးရဲ့။ အူမတောင့် မှ သီလစောင့်ဆို မဟုတ်လား"

"အဲဒါ တကယ်ပဲလား ဦးကြီးရဲ့"

ဝတ်ကျေဝတ်ကုန် ပြန်မေးလိုက်တော့ ဦးကြီးက အခန်းထဲ ဝင်လာ ပြီး -

"သိပ်ဟုတ်တာပေ့ါ မလေးရဲ့။ ဒါထက် မလေး အောက်မဆင်းတော့ ဘူးလား"

"ဟယ်လင် အောက်ထပ်ဆင်းခွင့် ရှိတယ်၊ ဟုတ်လား ဦးကြီး"

"အို. . . မလေးကလဲ၊ မလေး နေသာသလို နေပါကွယ့်"

"သြော်. . . နေသာသလို နေနိုင်တယ်ပေ့ါ၊ ဟုတ်လား ဦးကြီး"

အောင့်သက်သက်နှင့် ပြန်မေးမိသည်။

"ဒါထက် ဦးကြီးရဲ့ ဆရာကော"

ဦးကြီးက စားပွဲပေါ်မှ လင်ဗန်းကို ကုန်းယူနေရင်း-

"စာကြည့်ခန်းထဲမှာပါ မလေး။ သူ စာကြည့်ခန်းမှာ ရှိနေရင် ဘယ်သူ

mgyoe.com

mgyoe.com
SAMPLE BOOK

လာတာမှ မကြိုက်ဘူး မလေးရဲ့"

ခေါင်းကို မော့မော့ထားပြီး ပြောလိုက်မိသည်။

"ဦးကြီးက ဦးကြီးဆရာရှိရာကို ဟယ်လင်သွားမယ် ထင်နေလို့လား"

ဦးကြီးက ဘာမှ မပြောတော့။ ပခုံးကို မသိမသာ တွန့်ရင်း ပွစာကျဲနေသည့် အဝတ်သေတ္တာကို လှမ်းကြည့်သည်။

"ဦးကြီး အိပ်ရာပြင် ခင်းပေးတဲ့အခါ မလေးရဲ့ အဝတ်သေတ္တာကို ရှင်းပေးမယ်နော်"

"အို. . . ကြံကြီးစည်ရာ၊ ဦးကြီးကလည်း ဒုက္ခမရှာပါနဲ့"

ပျာပျာသလဲ ပြောလိုက်မိသည်။

"ဘယ်က ဒုက္ခရမလဲ မလေးရဲ့၊ ဦးကြီး လုပ်ပေးနိုင်ပါတယ်"

"ဟင့်အင်း၊ ဒါတော့ ဟယ်လင့်ဘာသာ လုပ်ပါရစေ"

လို့ပြောတော့ ဘာမှ ဆက်မပြောတော့ဘဲ တံခါးဆီ လျှောက်သွားသည်။

"ဘယ်လောက် သာယာတဲ့မနက်ခင်းလဲ မလေး၊ ကြည့်ပါဦး။ အပြင်လေး ဘာလေး ထွက်လျှောက်ဦးလေ"

"အပြင် ဟုတ်လား ဦးကြီး။ ဦးကြီးရဲ့ဆရာက ပေးထွက်ပါ့မလား။ ဟယ်လင် ထွက်ပြေးရင်ကော"

ဦးကြီး၏ အမူအရာက ချက်ချင်း မနှစ်မြို့သည့် အမူအရာသို့ ပြောင်းသွားသည်။

"ဒါတော့ မလေး မလုပ်သင့်ဘူး။ ရှီဘားဟာ သခင်အပေါ် အင်မတန်သစ္စာရှိတဲ့ အမဲလိုက် ကျားသစ် ဆိုတာ သိသားနဲ့။ မလေးကို သူ့ရဲ့ သားကောင်အဖြစ် ဦးကြီး နောက်ထပ် မမြင်ပါရစေနဲ့"

မနေ့က ကြုံခဲ့ရသည့် လိပ်ပြာလွင့်မတတ် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်ကို ဖျတ်ခနဲ သတိရပြီး -

"ဦးကြီး မနေ့က အကြောင်း ကြားပြီးပြီပေါ့ ဟုတ်လား"

"ကြားပြီးပါပြီ မလေး"

ဦးကြီးက အသာဦးညွှတ်ပြီး အခန်းထဲမှ ထွက်သွားတော့သည်။

အခန်းကို တချက် ဝေ့ကြည့်လိုက်ပြီး ဦးကြီးနောက်မှ လိုက်သွားသည်။ လှေကားခုံရင်းက ခန်းမဆောင်သည် နေခြည်ဖြင့် ထွေးနွေး ဝင်းလက်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK
ဦးကြီးသည် လှေကားနောက်ဘက်ရှိ သားမွေးကြမ်းဖြင့် ဖုံးထားသည့် တံခါးမကြီးတခုကို ဖွင့်ဝင်သွားသည်။

အမှတ်မထင် ဦးကြီးနောက်မှ လိုက်ဝင်သွားမိသည်။ ဧရာမ မီးဖိုခန်းဆောင်ကြီး။ ကြမ်းတိုက်ထားသည်မှာ ဖိတ်ဖိတ်တောက်ပြီး နင်းရက်စရာမရှိ။ အသုံးအဆောင်တွေက ခေတ်မီလှသည်။ ရေဆေးဇလုံ၊ ရေစစ်ခုံနှင့် မီးဖိုချောင်သုံး ပစ္စည်းများမှာ သံမဏိရောင် ဖိတ်ဖိတ်တောက်နေသည်။ ပွင့်နေသည့် တံခါးတချပ်မှာ အအေးခန်းတံခါး ဖြစ်ရမည်။ သား၊ ငါးတွေ တွဲလောင်းချိတ်ထားသည်ကို မတွေ့ရ။ လူသေခေါင်းနှင့် တူသည့် သေတ္တာရှည်ရှည်မှာ သီးသန့် အပြင်းစား ရေခဲသေတ္တာ။ အထားအသိုမှာ နေထားတကျ ရှိသည်။ မီးဖိုဆောင် ဖွဲ့စည်းပုံက နေချင့်စဖွယ် ရှိသည်။ သည်တော့ စိတ်ဝင်တစား လျှောက်ကြည့်နေမိသည်ပေါ့။

ဦးကြီးက ယူလာသည့် လင်ပန်းကို ခပ်စောင်းစောင်း ရေစစ်ခုံပေါ်တင်ပြီး ပန်းကန်တွေကို ရေဇလုံကြီးထဲသို့ ထည့်နေသည်။ ဟယ်လင့်ကို တချက်လှမ်းကြည့်ပြီး -

"ဘယ့်နှယ်၊ ယောက်ျားကြီးတယောက်ရဲ့ အိမ်ထောင် ထိန်းသိမ်းပုံကို အံ့သြနေသလား"

အခန်းလယ်ရှိ ပြောင်လက်နေအောင် တိုက်ထားသည့် စားပွဲဆီသို့ လျှောက်သွားသည်။

စားပွဲမှ သစ်သားအကြော နှပ်ကြောင်းကလေးတွေအတိုင်း လက်သည်းဖြင့် ထပ်ခြစ်နေသည်။

"ဒီနေ့ အမျိုးသားတွေ ဒီအလုပ်မျိုး လုပ်နိုင်တာကတော့ သိပ်အံ့သြစရာ မရှိပါဘူး ဦးကြီး။ တစ်ခုတော့ ရှိတယ်၊ ဦးကြီးဟာ သာမန် အိမ်စေနဲ့မတူတာတော့ အမှန်ပဲ"

ဟု ရိုးရိုးသားသားပင် ပြောလိုက်မိသည်။ ဦးကြီးက ခပ်တိုးတိုး ရယ်ပြီး -

"ဟုတ်လား မတူဘူးလား"

ဟုသာ ပြန်ပြောသည်။

"ဟုတ်တယ် ဦးကြီး၊ အင်္ဂလိပ်က မတူဘူး။ ဦးကြီးဟာ တကယ်ပဲ အိမ်စေ ဟုတ်ရဲ့လားဟင်"
mgyoe.com

mgyoe.com

ဆပ်ပြာမြှုပ်တွေ ဖွေးနေသည့် ရေဇလုံတွင် လက်ကို နှစ်ပြီး ပန်းကန်တွေ ဆေးနေရင်းက-

"ခုတော့ အိမ်စေပေါ့ကွယ်။ ဒါပေမဲ့ ဦးကြီးဘဝက စုံတယ်၊ စွယ်စုံဆိုပါတော့လေ။ ငယ်ငယ်ကတည်းက တပ်ထဲ ဝင်တယ်၊ တပ်က ထွက်ပြီးတော့ နပန်းသမားဘဝနဲ့ အသက်မွေးရသေးတယ်။ ကြာတော့ ဒီဘဝလည်း ငြီးငွေ့လာတာနဲ့ မက္ကင်းနစ် ဖြစ်သွားပြန်ရော။ ခုတော့ အိမ်စေ ပေါ့လေ"

"ဦးကြီးက ဦးကြီးရဲ့ ဆရာကို သိပ်ချစ်ပုံ ရတယ်နော်"

ဟု အရဲစွန့်ပြီး မေးကြည့်လိုက်သည်။

"ဦးကြီးရဲ့ဆရာက လူတော်တယောက်ပါ မလေးရဲ့"

ယုံကြည်ကိုးစားမှု အပြည့်ဖြင့် ပြောနေသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါထက် ဦးကြီးရယ်၊ စပ်စုတယ်လည်း မထင်ပါနဲ့။ သူနဲ့သိတာ ကြာပြီလားဟင်"

"အင်း. . . အနှစ် နှစ်ဆယ်လောက် ရှိပြီ မလေး။ လိုရင်ပိုရင် တလနှစ်လပါပဲ"

"ဒါပေမဲ့ အဲဒီတချိန်လုံး သူ့ဆီမှာ ဦးကြီး အလုပ်လုပ်လာတာတော့ မဟုတ်ပါဘူး ထင်တယ်"

"သူ့ဆီမှာ ဟုတ်စ. . . အင်း. . . အတူတူပဲပေါ့လေ။ ဆရာ့အဖေက ဦးကြီး တပ်ထဲမှာတုန်းကတည်းက ဦးကြီးရဲ့တပ်မှူးပဲဟာ"

"သြော်. . . "

ဟယ်လင်က ပန်ကန်ဆေးသည့် နေရာသို့ လျှောက်သွားသည်။ အိမ်၏နောက်ပိုင်းရှိ တထပ် အဆောင်များကို ပြတင်းပေါက်ကျယ်ကြီးမှ လှမ်းကြည့်နေသည်။

အမှတ်မထင် လေသံဖြင့်-

"ဒါတက် ဦးကြီးတို့ ရိက္ခာကျတော့ ဘယ်လို စီစဉ်လဲ။ နို့တို့ ကြက်ဥတို့ပေါ့။ ပြီးတော့ စာပေးစာယူကျတော့ကော"

မသိမသာ မေးကြည့်သည်။

"စာက စာတိုက်မှာ ကိုယ်ပိုင်စာတိုက်ပုံး ရှိတယ်။ ကြုံသလို သွားယူတာပေါ့"

ဦးကြီးက တည်ငြိမ်စွာပင် ရှင်းပြသည်။